# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ သောကြာနေ့။ Friday, 1 November 2024 ၁၁၆၂၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



သမိုင်းဝင်ဘုရားစေတီများနှင့် လေ့လာလည်ပတ်စရာ အထင်ကရနေရာများရှိသည့် မင်းဘူးမြို့၏ သဘာဝရှုခင်းအလှကို တွေ့ရစဉ်။

## လေ့လာစရာ အထင်ကရနေရာများရှိသည့် မင်းဘူးမြို့သို့ ယခင်နှစ် ခရီးသွားရာသီတွင် ခရီးသွားဧည့်သည် ငါးသိန်းကျော် ဝင်ရောက်ခဲ့

မင်းဘူး အောက်တိုဘာ ၃၁

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့သည် မြန်မာနိုင်ငံ အလယ်ပိုင်း ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ရှိကာ အချက်အချာကျပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် အေးချမ်း သာယာလှပသော မြို့လေးတစ်မြို့ဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ လေ့လာလည်ပတ် အပန်းဖြေရာ နေရာဒေသ ဖြစ်လာခဲ့သည်။ ယခင်နှစ် ဘုရားပွဲရာသီတွင် ခရီးသွားဧည့်သည် ငါးသိန်းကျော်အထိ ဝင်ရောက်ခဲ့ကြောင်း သိရသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❐



## ပေါ်ဦးပေါ်ဖျား Hass ထောပတ်သီးများ ပြည်တွင်းဈေးကွက်သို့ ရောင်းချ

မန္တလေး အောက်တိုဘာ ၃၁

ပေါ်ဦးပေါ်ဖျား Hass ထောပတ်သီးအမျိုးအစားများ လက်ရှိတွင် ပြည်တွင်းဈေးကွက်သို့ စတင်ရောင်းချနေပြီဖြစ်ပြီး အခြားဒေသမျိုး ထောပတ်သီးလက်ကျန်များလည်း ရောင်းချလျက်ရှိကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခု အောက်တိုဘာလလယ်ခန့်မှစ၍ Hass ထောပတ်သီးများကို ပြည်တွင်းဈေးကွက်သို့ လက်လီစနစ်သာမက အွန်လိုင်းစနစ်ဖြင့်လည်း ရောင်းချလျက်ရှိကြောင်း ၎င်းက ပြောသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✪


**ယနေ့ ဖတ်စရာ**

**နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီက စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်း အကဲဖြတ်ပြီး တည်ဆဲဥပဒေများနှင့်အညီ နေထိုင်ရေး ဆွေးနွေး** စာမျက်နှာ » ၅

**တိုင်ဖွန်းမုန်တိုင်း (ရာဂီ) ဒဏ်ကြောင့် ရေဘေးသင့်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲများ ကျင်းပ** စာမျက်နှာ » ၆

**ရိုးရာပေါင်းစု ပြည်ထောင်စု၏ ဂီတ** ဆောင်းပါး စာမျက်နှာ » ၁၀

**တီထွင်မှု မူပိုင်ခွင့် တရားဝင် စတင်လက်ခံခြင်း အခမ်းအနားကျင်းပ** စာမျက်နှာ » ၁၁

ကြေးမုံ

# တိုင်းချစ်ပြည်ချစ်ညီညွတ်မှုဖြင့် အမျိုးသားရေးအားမာန်များထုတ်ဖော်

အမျိုးသားအားကစားပြိုင်ပွဲကြီးသည် အားကစားကဏ္ဍကို မြှင့်တင်ထုတ်ဖော်ပြသသည့် ပြိုင်ပွဲသက်သက်သာမဟုတ်ဘဲ နိုင်ငံသူ နိုင်ငံသားအားလုံး၏ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှု၊ တည်ငြိမ်အေးချမ်းမှုတို့ကို ထုတ်ဖော်ပြသသည့် စုပေါင်းအင်အားများကို ဖော်ထုတ်နိုင်သော ပြိုင်ပွဲဖြစ်၍ အမျိုးသားအားကစားပြိုင်ပွဲ သို့မဟုတ် အမျိုးသားအားကစားပွဲတော်ဟု ခေါ်ဆိုရပေသည်။

အားကစားကဏ္ဍ၊ အားကစားတွင် အားလုံးပါဝင်လှုပ်ရှားကြခြင်းသည် နိုင်ငံနှင့် ပြည်သူလူထုအတွက် မည်မျှအရေးပါသည်ကို စက်တင်ဘာလ ၂၅ ရက်နေ့က ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "အားကစားတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကိုမြှင့်တင်ပေးနိုင်ပြီး လူသားအရင်းအမြစ်များ တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်ကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်က "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" လူမှုရေးဦးတည်ချက်ကို ချမှတ်ထားပြီး အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်သူလူထုတစ်ရပ်လုံးကိုလည်း အားကစားဘက်တွင် စိတ်ဝင်စားကာ တက်တက်ကြွကြွ ပါဝင်လာနိုင်အောင် စည်းရုံးလှုံ့ဆော်ပေးလျက်ရှိသည်။ အားကစားသမားများ၏ အောင်မြင်မှုများသည် ပြည်သူလူထုအတွက် ခွန်အားများဖြစ်စေသည်။

မကြာမီကျင်းပပြုလုပ်တော့မည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးသည် အားကစားကဏ္ဍအားလုံးစုံလင်ပြီး တစ်တိုင်းပြည်လုံး လွှမ်းခြုံပါဝင်သည့် အမျိုးသားပွဲတော်ဖြစ်သည်။ "ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားပြိုင်ပွဲအဖြစ်သာ မရှုမြင်ဘဲ နိုင်ငံတော်အဆင့် အဓိပ္ပာယ်ရှိရှိ၊ အရည်အသွေးမြင့်မြင့်နှင့် စနစ်တကျ အောင်မြင်အောင် ဆောင်ရွက်သွားရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူဆောင်ရွက်ကြရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြောကြားခဲ့သည်။

တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားအားကစားပွဲတော်ကြီးကို သိုက်သိုက်ဝန်းဝန်း အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် "စည်းလုံးညီညာ အောင်ကြောင်းဖြာ"ဆိုသည့်အတိုင်း ပွဲမဝင်ခင်ကပင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီဒီယာလောကသားများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက ကိုယ်စီကိုယ်စီကျရာ အခန်းကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပရန် တစ်လလိုသည့်အချိန်တွင် ပြည်သူများ စိတ်ဝင်စားစွာဖြင့် စောင့်မျှော်အားပေးနိုင်ရန်အတွက် အမျိုးသားအားကစားပွဲတော်နှင့်ပတ်သက်သည့် မီဒီယာလှုံ့ဆော်မှုများ၊ ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်မှုများ၊ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်အသီးသီးတို့၏ ကြိုတင်ပြင်ဆင်နေမှုများကို အသိပေးထုတ်ပြန်မှုများ၊ ပြိုင်ပွဲနှင့်ပတ်သက်၍ ပြည်သူလူထုစိတ်နှလုံးကို နှိုးဆွပေးနိုင်သည့် တေးသီချင်း၊ ဓာတ်လမ်း၊ အသိပညာပေးမှု အဖြာဖြာတို့ကို မီဒီယာအမျိုးမျိုးမှ ထုတ်လွှင့်ဖော်ပြပေးပြီး ကြိုတင်လှုံ့ဆော်ပေးကြရမည်ဖြစ်သည်။ နိုင်ငံ့ဂုဏ်နှင့် အားကစားအဆင့်အတန်းကို မြှင့်တင်ပေးနိုင်မည့်ပွဲတော်ကြီးဖြစ်၍ ပြည်သူလူထုတစ်ရပ်လုံး အားပေးမြှင့်တင်ပေးမှုသည် အရေးကြီးသည်။

အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းသည် နိုင်ငံနှင့် လူမျိုးကို မြှင့်တင်အားပေးခြင်းဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွထက်သန်စေသည်။ အမျိုးသားအားကစားပွဲတော်ကြီးသည် အားကစားကဏ္ဍသက်သက်သာမဟုတ်ဘဲ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ရည်ရွယ်ကျင်းပသည့် အနှစ်သာရပြည့်ဝသော ပွဲတော်ကြီးဖြစ်သည်။ ကျောင်းသား ကျောင်းသူလေးများ၏ စွမ်းရည်နှင့် လူငယ်လူရွယ်များ၏ အားမာန်များကို ထုတ်ဖော်ပြသသည့် ပွဲတော်ကြီးဖြစ်သည်။

သို့ဖြစ်ရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးသည် အမျိုးသားရေးအနှစ်သာရပြည့်ဝသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် အရေးကြီးသောပွဲတော်ကြီးဖြစ်၍ အမျိုးသားအားကစားပွဲတော်ကြီး မကျင်းပမီ၊ ကျင်းပနေစဉ်ကာလများအတွင်း ပြည်သူလူထုတစ်ရပ်လုံးသာမက နိုင်ငံတကာကပါ ကျယ်ကျယ်ပြန့်ပြန့် အားပေးကြည့်ရှုနိုင်အောင် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းလက်တွဲပါဝင် ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှ စတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## ဟသ်ာတမြို့နယ်၌ တောင်သူဂုဏ်ပြုပွဲနှင့် ဆောင်းသီးနှံသွင်းအားစုများ ပေးအပ်ပွဲကျင်းပ



**ဟသ်ာတ အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၁ ရက်တွင် တောင်သူဂုဏ်ပြုပွဲနှင့် ဆောင်းသီးနှံ သွင်းအားစုများ ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

**ဆွေးနွေးပြောကြား**

အခမ်းအနားတွင် ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်တိုးမြှင့်အဖွဲ့အတွင်းရေးမှူး ဦးသော်ဇင်မောင်က ဆောင်းဆီထွက်သီးနှံ တိုးမြှင့်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုး၊ ခရိုင်စိုက်တိုးမြှင့်အဖွဲ့အတွင်းရေးမှူး ဦးသော်ဇင်မောင်၊ ဟသ်ာတမြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်း၊ Si Pwar Trading Co.,Ltd မှ MD နော်ခင်ခင်တို့က ၂၀၂၃-၂၀၂၄ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ၈၆ ဘီလီယံဖြင့် Si Pwar Trading Co., Ltd. နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဟသ်ာတမြို့နယ်နှင့် လေးမျက်နှာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများအနက် မိုးစပါးအစောဆုံး ပြန်လည်အပ်နှံသည့် ကျေးရွာအုပ်စု ၁၀ အုပ်စုအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့ပြင် ဟသ်ာတမြို့နယ် စိုက်တိုးမြှင့်အဖွဲ့အတွင်းရေးမှူး ဦးမျိုးမင်းလွင်ဦးနှင့် လေးမျက်နှာမြို့နယ် စိုက်တိုးမြှင့်အဖွဲ့အတွင်းရေးမှူး ဦးစောဝင်းရွှေတို့က ဆောင်းဆီထွက်သီးနှံမျိုးစေ့နှင့် သွင်းအားစုတို့ကို ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Si Pwar Trading Co., Ltd. မှ တာဝန်ရှိသူများနှင့် တောင်သူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၁ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၁၇၃ | ၁,၄၅၃,၂၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၅,၂၄၀ | ၁၇,၂၉၂,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၅၉ | ၄၉၅,၆၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁၀၀ | ၁၉၅,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၇၀၀ | ၁,၁၅၅,၀၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၂၃၀ | ၁,၀၃၅,၀၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၈၈၂ | ၂,၈၈၆,၃၀၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။



themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၁**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ICRC ဒုတိယဌာနေကိုယ်စားလှယ် Mr. Jan Miskoc တို့ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ





**နေပြည်တော် အောက်တိုဘာ ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF)ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက အဖွဲ့ချုပ်ဖွဲ့စည်းမှု၊ အသင်းအဖွဲ့မှတ်ပုံတင်ရရှိမှု၊ အဖွဲ့ချုပ်အနေဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်း၍ ရေဘေးအကူအညီပေးရေးလုပ်ငန်းများကို နေပြည်တော်၊ တောင်ငူနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နေပြည်တော်ရှိ ရေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင်ရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးကဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်း၍ ညှိနှိုင်းဆောင်ရွက်ပေးနေမှု၊ ရေဘေးကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ရေဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံတော်၏ အစီအမံများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (Environmental Conservation) နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး (Disaster Risk Reduction)ဆိုင်ရာ အသိအမြင်များကို မျိုးဆက်သစ်များအနေဖြင့် ငယ်ရွယ်စဉ်ကပင် သိနားလည်ရန် လိုအပ်နေမှုနှင့် ခရီးသွားလုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ရာတွင်လည်း ယင်းအသိအမြင်များ တစ်ပါတည်း ပေါင်းစပ်ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် ရုရှား-မြန်မာ စီးပွားရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာ စီးပွားရေးကောင်စီ (Russian-Myanmar Business Council-RMBC)ဥက္ကဋ္ဌ Mr. Aleksei SHUPLOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှားနှစ်နိုင်ငံအကြား လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုကဏ္ဍများတွင် ရေ့ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အထောက်အပံ့များ ပေးအပ်ရန်နှင့် အနာဂတ်တွင် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလားအလာကောင်းများနှင့် ပတ်သက်၍ အပြန်အလှန် အကူအညီပေးရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ရုရှားကိုယ်စားလှယ်အဖွဲ့က ရာဂီမုန်တိုင်း တိုက်ခတ်မှုကြောင့် ဖြစ်ပွားခဲ့သည့် ရေဘေးသင့်ပြည်သူများအတွက် သက်ဆိုင်ရာသို့ ဆက်သွယ်လှူဒါန်းပေးရန် အမေရိကန်ဒေါ်လာ ၅၀၀၀ ကို လှူဒါန်းခဲ့သည်။

**တာဝန်ရှိသူများတက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးနှင့် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များအား နယ်စပ်ဒေသများ၌ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့ကို တည်ထောင်ဖွင့်လှစ် ပြုစုပျိုးထောင်လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၅၆၀၊ သိပ္ပံဘွဲ့ ၉၈၁ ဦး၊ B.Tech ၁၃၉ ဦး၊ A.G.T.I ဒီပလိုမာ ၇၆၅ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၄၄၅ ဦးတို့ကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မဟာဝိဇ္ဇာဘွဲ့ ၁၁၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၁၆ ဦး၊ ပါရဂူဘွဲ့ ၃၂ ဦး၊ B.Tech ၃၄၆ ဦး၊ B.E ၆၂၅ ဦး၊ M.E ၃၄ ဦး အသီးသီး အောင်မြင်မှုရရှိခဲ့သည့်အပြင် ဘာသာရပ်အလိုက် ဆက်လက်ကြိုးစားသင်ယူဆဲ ကျောင်းသား ကျောင်းသူများရှိကြောင်း။

ပညာခေတ်ကြီးတွင် ကြီးပြင်းခဲ့ကြသူများ ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများကို အဆင့်မြင့်မြင့် တတ်မြောက်အောင် ဆက်လက်ကြိုးစားလေ့လာသွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လူငယ်များ၏ အဓိကစွမ်းအားစုအဖြစ် ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဗလငါးတန်နှင့် ပြည့်စုံစေရေးစသည့် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ၌ ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြသည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအတိုင်း ကျင့်ဝတ်စည်းကမ်းတန်ဖိုးများကို သိရှိလိုက်နာပြီး လုပ်ငန်းစွမ်းဆောင်ရည်အပြည့်ဖြင့် မြင့်မားသောစိတ်ဓာတ်၊ မှန်ကန်သောခံယူချက်၊ မြင့်မြတ်သော အကျင့်စာရိတ္တကောင်းများကို လက်ကိုင်ပြု၍ အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ကြိုးစားထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသူ နှစ်ဦးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က A.G.T.I ဒီပလိုမာ ထူးချွန်ဆုရရှိသူ တစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များက အလုပ်တာဝန် ခန့်အပ်လွှာများ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းဝင်းအတွင်းရှိ အားကစားကွင်းနှင့် ပွဲကြည့်စင်၊ ဆောက်လုပ်ဆဲ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ အိပ်ဆောင်များ၊ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားရှိသည့် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများနှင့် သာယာလှပရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၃/၂၀၂၄-၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးတွင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ ဝန်ကြီးဌာနများက တင်ပြလာသည့် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း အမှာစာများကို အတည်ပြုဆွေးနွေးကြမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ တင်ပြသည့် အမှာစာများတွင် စက်မှုစတုတ္ထမျိုးဆက်ဖြစ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဆက်သွယ်ရေးနှင့် ပတ်သက်သည့် ဆက်စပ်ပစ္စည်းများ ပါဝင်လာသဖြင့် နိုင်ငံတော်အတွက် အကျိုးရှိထိရောက်စေရန် စိစစ်စစ်ဆေးနိုင်ရေးအတွက် ကော်မတီဝင်များပါ လုပ်ထုံးလုပ်နည်းရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း၊ ကော်မတီအနေဖြင့် ဝန်ကြီးဌာနများမှ အကောင်အထည်ဖော်သည့် စီမံကိန်းများအား အကျိုးရှိထိရောက်စေရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်ပစ္စည်းများ ဝယ်ယူအသုံးပြုလျှင် နည်းပညာများ ရရှိရေးအတွက်ပါ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ကောင်းမွန်သည့် အထောက်အပံ့ဖြစ်စေရန် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ မူဝါဒ၊ လုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ထို့နောက် ဝန်ကြီးဌာနများက တင်ပြသည့် အမှုတွဲလေးစောင်ကို သက်ဆိုင်ရာကော်မတီဝင်နှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်



**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ် ၂၀၄ သိန်း တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

သစ်တောနဲ့
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး

❒ ရှေ့ဖုံးမှ

မင်းဘူးမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၆၄ ပေနှင့် ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ရှိကာ အေးအေးချမ်းချမ်းရှိခြင်း၊ အညာအပြန်လက်ဆောင်များက သဘောကျနှစ်ခြိုက်စရာ ကောင်းခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ တစ်နေရာနှင့်တစ်နေရာ ဆက်သွယ်သွားလာရာတွင် လွယ်ကူမြန်ဆန်ခြင်းတို့ကြောင့် ခရီးသွားပြည်သူများအတွက် လည်ပတ်ချင်စရာကောင်းလှသည့်မြို့ဖြစ်သည်။

မင်းဘူးမြို့နယ်တွင် ဖလံရုံတောင်၊ စကြိုတောင်၊ သင်္ကန်းလိပ်တောင်၊ ခွေးကတက်တောင်စသည့် တောင်ကုန်းတောင်တန်းများနှင့် ဆားပွက်ချောင်း၊ မုန်းချောင်း၊ မန်းချောင်းများ ဝန်းရံကာ လျှို့မြောင်ချိုင့်ဝှမ်းများနှင့် သဘာဝအလှအပရှုခင်းများက ခရီးသွားဧည့်သည်များကို ဆွဲဆောင်လျက်ရှိသည်။

ခရီးသွားဧည့်သည်များအနေဖြင့် ရွှေစက်တော်ဘုရား၊ စက္ကိန်းတဲဘုရား၊ ရှင်မင်းဘူးဘုရား၊ သမုတ္တာဂီရိမြစေတီတော်မြတ်ကြီးနှင့် နဂါးပွက်တောင်၊ မှန်ကင်းရုပ်စုံကျောင်း၊ သုံးထပ်ရုပ်စုံကျောင်း၊ ကန်ဦးဘုန်းတော်ကြီးကျောင်းများ၏ ပုဂံခေတ်နှင့် ကုန်းဘောင်ခေတ် ပန်းပုလက်ရာများကိုလည်း လေ့လာကြည့်ရှုနိုင်သည်။

ထိုကဲ့သို့ သမိုင်းဝင်ဘုရားစေတီများ၊ လေ့လာလည်ပတ်စရာ အထင်ကရနေရာများရှိသည့်အပြင် အေးချမ်းလှပြီး သာယာကြည်နူးဖွယ်၊ ချမ်းမြေ့ဖွယ်ရာကောင်းလှသည့် အထက်အညာဒေသရှိ ဧရာဝတီမြစ်ကမ်းဘေးမှ အေးချမ်းလှသော မင်းဘူးမြို့လေးသို့ ပွင့်လင်းရာသီတွင် သွားရောက်လေ့လာလည်ပတ်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။

ဇေယျာထက်(မင်းဘူး)



မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်ကြီးနှင့် ဧရာဝတီမြစ်ရှုခင်းကို တွေ့ရစဉ်။

# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီက စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ပြီး တည်ဆဲဥပဒေများနှင့်အညီနေထိုင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများနှင့်ပတ်သက်၍ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





ဦးစွာနိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်(Permanent Residence System–PR System) ကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအခြေအနေများနှင့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်မှု၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့် (PR) ကို နည်းဥပဒေ ထုတ်ပြန်ပြဋ္ဌာန်း၍ အမျိုးအစားလေးမျိုး သတ်မှတ်ခွင့်ပြုဆောင်ရွက်ပေးနေမှု၊ စတင်ဆောင်ရွက်ချိန်မှ လက်ရှိအခြေအနေအထိ မိသားစုအပါအဝင် လျှောက်ထားသူစုစုပေါင်း ၈၁၀ ရှိပြီး မိသားစုအပါအဝင် ၆၉၉ ဦးအား စိစစ်အတည်ပြုခွင့်ပြုပေးမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် လူတွေ့မေးမြန်းအကဲဖြတ်ရန် ကျန်ရှိနေသူများနှင့် ပြီးခဲ့သည့် ဗဟိုကော်မတီအစည်းအဝေးက စိစစ်ခွင့်ပြုသူများအနက် ယခုလူတွေ့မေးမြန်းအကဲဖြတ်ဆောင်ရွက်မည့်သူ မိသားစုမပါ စုစုပေါင်း ၃၃ ဦးအား PR နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်မေးမြန်း အကဲဖြတ်ပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများအား လူတွေ့မေးမြန်းအကဲဖြတ်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ဗဟိုကော်မတီဝင်များသည် ဗဟိုကော်မတီက စိစစ်အတည်ပြုပြီးသည့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများကို တစ်ဦးချင်းတွေ့ဆုံကာ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များမှ သိရှိလိုသည်များ၊ ပြဋ္ဌာန်းထားသည့် PR နည်းဥပဒေအပေါ် သိရှိနားလည်လိုက်နာဆောင်ရွက်ရေးနှင့် တည်ဆဲဥပဒေများနှင့်အညီ နေထိုင်နိုင်ရေး အခြေအနေများကို မေးမြန်းဆွေးနွေးကြပြီး အကဲဖြတ်အတည်ပြုဆုံးဖြတ်ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် (PR System) ဖြင့် ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးလုပ်ငန်းရှင်၊ အခြားနိုင်ငံသား ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်း၊ မြန်မာနိုင်ငံသားနှင့် သွေးချင်းစပ်ဆက်သူ နိုင်ငံခြားသားဟူ၍ အမျိုးအစား လေးမျိုး သတ်မှတ်ခွင့်ပြုပေးလျက်ရှိရာ ယခုအစည်းအဝေးတွင် ယခင်ကျန်ရှိသူ မိသားစုမပါ ၃၃ ဦးနှင့် ပြီးခဲ့သည့် အစည်းအဝေးမှ မိသားစုမပါ ၃၇ ဦး စုစုပေါင်း ၇၀ အနက် လူတွေ့စစ်ဆေးခြင်း ခံယူရန် အကြောင်းပြန်ကြားသူ မိသားစုမပါ ၃၃ ဦးအား လူတွေ့မေးမြန်း အကဲဖြတ်ဆောင်ရွက်ခဲ့ကြပြီး အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့ တင်ပြကာ အတည်ပြု ခွင့်ပြုသူများအား နေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ဌာန၏ လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❂ ပေါ်ဦးပေါ်ဖျားမှ

ယခုထွက်ရှိလာသော Hass ထောပတ်သီးများ၏ ၆၀ ရာခိုင်နှုန်းသည် အရွယ်အစားသေးငယ်၍ စံချိန်မမီသောအသီးများဖြစ်ပြီး ဈေးကွက်တွင် Baby Hass ဟုခေါ်ကြောင်း သိရသည်။

"တခြားထောပတ်မျိုးတွေဖြစ်တဲ့ ဗီယက်နမ်မျိုး 034 ထောပတ်သီးက စိုက်ကေနည်းတဲ့အတွက် ဈေးကွက်မှာ ကျယ်ကျယ်ပြန့်ပြန့်မရောက်ဘူး။ Good 7 မျိုးနဲ့ ဘာဂေးနီးယားမျိုးတွေကတော့ ဈေးကွက်မှာ အတော်များများရှိတယ်" ဟု တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

Good-7 နှင့် ဘာဂေးနီးယားထောပတ်သီးမျိုးများမှာ အရွယ်ကြီးမားသဖြင့် မြန်မာ့ဈေးကွက်တွင် အကြိုက်တွေ့သူများကြောင်း သိရသည်။

"ဒီနှစ်က နွေမှာ ပူပြင်းပြီး မိုးကာလမှာ မိုးများတဲ့အတွက် အသီးတွေအရည်အသွေးကျဆင်းတယ်။ ခုဆိုရင် ထောပတ်သီးကို အေးခဲအနှစ်တွေလုပ်ပြီး ပြည်ပကိုတင်ပို့ဖို့ လုပ်နေပြီ။ ဒါက ထောပတ်သီးစိုက်သူတွေအတွက် အခွင့်အလမ်းသစ်လို့ ပြောရမယ်။ မလေးရှားကို နမူနာပို့ခဲ့ရာမှာ တင်ပို့ဖို့ ၉၀ ရာခိုင်နှုန်းလောက် ဆောင်ရွက်ပြီးသွားပြီ။ ဈေးနှုန်းညှိနှိုင်းဖို့ပဲကျန်တော့တယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ထောပတ်သီးကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး တိုင်းဒေသကြီးခြောက်ခုတွင် ၂၀၁၉ ခုနှစ်မတိုင်မီစာရင်းများအရ ဧက ၂၀၀၀၀ ဝန်းကျင်စိုက်ပျိုးကြပြီး တစ်ရာသီလျှင် ထောပတ်သီးမျိုးစုံ တန်ချိန် ၈၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

မောင်အေးချမ်း

# မင်းဘူးမြို့၌ ရေသယံဇာတထိန်းသိမ်းရေး အသိပညာပေးဆောင်ရွက်

**မင်းဘူး အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ မြစ်ချောင်းများအတွင်းသို့ ပလတ်စတစ်နှင့် အခြားအမှိုက်များ မစွန့်ပစ်စေရေးနှင့် ရေသယံဇာတထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် အမှတ် (၃) ရပ်ကွက် ဧရာဝတီမြစ်ကမ်းဘေး တစ်လျှောက်၌ ကွင်းဆင်းဆောင်ရွက်ကြသည်။

မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက ဦးဆောင်ပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဧရာဝတီမြစ်ကမ်းဘေးရပ်ကွက်နေ ပြည်သူများနှင့် ကမ်းနားလမ်းရှိ မော်တော်ဆိပ်ကမ်းတစ်လျှောက် ဆိုက်ကပ်ရေယာဉ်များ၊ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများအနေဖြင့် မိမိတို့သွားလာနေထိုင်ရာ ဒေသများ၌ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် စွန့်ပစ်အမှိုက်များ၊ ပလတ်စတစ်နှင့် အခြားအမှိုက်များကို မြစ်ချောင်းများအတွင်းသို့ စည်းကမ်းမဲ့ မစွန့်ပစ်စေရေးနှင့် ရေသယံဇာတထိန်းသိမ်းရေး၊ စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရေးနှင့် ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



ထို့နောက် ရေယာဉ်များပေါ်တွင် အသိပညာပေး ဗီနိုင်းပိုစတာများကပ်ခြင်း၊ ဧရာဝတီမြစ်ကမ်းဘေး သန့်ရှင်းသာယာလှပစေရေး စုပေါင်း အမှိုက်ကောက်ခြင်း၊ ကမ်းနားလမ်း ရပ်ကွက်များရှိ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၊ လူနေအိမ်များတွင် အသိပညာပေး ပိုစတာများကပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် စွန့်ပစ်အမှိုက်များကို အမှိုက်ပုံးများအတွင်း စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးလုပ်ငန်းများ ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# တိုင်ဖွန်းမုန်တိုင်း (ရာဂီ) ဒဏ်ကြောင့် ရေဘေးသင့်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သော တိုင်ဖွန်းမုန်တိုင်း (ရာဂီ) ဒဏ်ကြောင့် ရေဘေးသင့်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားများကို အောက်တိုဘာ ၃၀ ရက်က နေပြည်တော်ကောင်စီနယ်မြေ၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကျင်းပခဲ့သည်။

အခမ်းအနားများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး /ပြည်နယ် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်**

အခမ်းအနားများတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး / ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကား ပြောကြားကြပြီး တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သတင်းစဉ်**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရာဂီမုန်တိုင်းဒဏ်ကြောင့် သဘာဝဘေးဖြစ်ပွားခဲ့သည့်မြို့နယ်များ၌ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။




ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုနှင့် ရာဂီမုန်တိုင်း အရှိန်ကြောင့် ဘေးဒဏ်သင့်ခဲ့သည့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုသည့် အခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ကယားပြည်နယ် လွိုင်ကော်မြို့ ရေကြီးရေလျှံမှု သဘာဝဘေးဖြစ်စဉ်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၌ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများနှင့် ငွေ / ပစ္စည်းလှူဒါန်းထောက်ပံ့ခဲ့သူများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ရှမ်းပြည်နယ်အတွင်း တိုင်ဖွန်းမုန်တိုင်းရာဂီအရှိန်ကြောင့် ဖြစ်ပွားခဲ့သော သဘာဝဘေးဖြစ်စဉ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ဌာန/ အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ရာဂီမုန်တိုင်းဒဏ်သင့်ခဲ့သော မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ပြည်သူ့စစ်၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

စာမျက်နှာ ၇ သို့ ❍

❍ စာမျက်နှာ ၆ မှ



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ရာဂီမုန်တိုင်းသင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြားဌာနနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ရေဘေးသင့်ဒေသများသို့ ကူညီကယ်ဆယ်ရေး သွားရောက်ဆောင်ရွက်ခဲ့ကြသော ရန်ကုန်တိုင်းဒေသကြီးမှ ဌာန/အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။




ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ရာဂီမုန်တိုင်းနှင့် စပ်လျဉ်း၍ ဖြစ်ပွားခဲ့သော ရေဘေးကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့တို့၌ တိုင်ဖွန်းမုန်တိုင်းရာဂီကြောင့် ဖြစ်ပွားခဲ့သောသဘာဝဘေးဖြစ်စဉ်များတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ဌာန၊ အဖွဲ့အစည်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခြင်းနှင့် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခြင်းအခမ်းအနားကို တာချီလိတ်မြို့ အောင်မြတ်ခန်းမတွင် ကျင်းပစဉ်။

# ဒုတိယဝန်ကြီး ဦးဌေးလှိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှည်းကူးခရိုင်ဦးစီးမှူးရုံး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၃၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဌေးလှိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှည်းကူးခရိုင် ဦးစီးမှူးရုံးသို့ ရောက်ရှိကြပြီး ခရိုင်ဦးစီးမှူးရုံး၌ e-ID စနစ်ဖြင့် Biographic Data နှင့် Biometric Data များ ကောက်ယူ၍ Unique ID နံပါတ် ထုတ်ပေးနေမှု၊ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှုနှင့် မှတ်တမ်းခန်း၌ ကိုယ်ရေးမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လှည်းကူးခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက လှည်းကူးခရိုင်အတွင်းရှိ ဝန်ထမ်းအင်အားစာရင်း၊ ပန်းခင်းစီမံချက်များ ဆောင်ရွက်ပြီးစီးမှု၊ e-ID Server တွင် ဖြေရှင်း



ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှုနှင့် ဆက်လက်ကောက်ယူ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိုင်ငံတော်အတွက် လက်ရှိဦးစားပေး လုပ်ငန်းများဖြစ်သည့် နောင်ကျင်းပမည့် ရွေးကောက်ပွဲများနှင့် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဥပဒေနှင့်အညီ ထုတ်ပေးခြင်း၊ e-ID စနစ်အတွက် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်း၊ မဲစာရင်း တိကျမှန်ကန်စွာ ပြုစုနိုင်ရေးအတွက် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်း၊ ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်း စသည့်လုပ်ငန်းများကို ဒေသအာဏာပိုင်များ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ကောက်ယူရရှိသည့် ကိန်းဂဏန်း အချက်အလက်များကို နှိုင်းယှဉ်သုံးသပ် အတည်ပြုကာ တိကျမှန်ကန်သည့် မဲစာရင်းပြုစုဆောင်ရွက်သွားမည့်အခြေအနေ၊ ဌာန၏ လုပ်ငန်းဆောင်ရွက်မှုအားလုံးကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း




ဒိုးပတ်အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်မြင့်ပညာအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဟိန်းမေတ္တာနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ကရင်ပြည်နယ်မှ စောအာကာပိုင်စိုး၏ ကပြယှဉ်ပြိုင်ဟန်။



ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပူးတွဲပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ကောင်းပြည့်ဟိန်း "ကိုယ့်ရပ်ဌာနေ"သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



တယောအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ကချင်ပြည်နယ်မှ မနင်းနင်းဝေ "သီတာရတနာ" (ကာလပေါ်)သီချင်းဖြင့် ဤသို့ ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။



မယ်ဒလင်အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မရွှန်းလဲ့မေ(ခ) လဲ့ရည်ဝင်း "မန္တလာဘုံ" (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ပလွေအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ကချင်ပြည်နယ်မှ ဦးမြတ်ဇော် "ကြွေကြွေဖန်ဖန်"(ယိုးဒယား)သီချင်းဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးအောင်နိုင်စိုး "ဘုန်းမိုးသွန်းလောင်း"(သီချင်းခံ) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ ဦးအေးမော် "တောဟေဝန်လယ်" (ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေး အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မဖြိုးဟေမာန် "မြန်မာပြည်ခရီးစဉ်" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



မယ်ဒလင်အတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ ဦးမင်းဇော် "မြူဝန်းလို့ခို" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြူးစိန်(ခ)နေမင်းခန့် "ဘုံဆောင်မြင့်"(ကြိုး) သီချင်းဖြင့် လက်သံပြောင်မြောက်စွာ တီးခတ်ယှဉ်ပြိုင်စဉ်။




နှဲအတီးပြိုင်ပွဲ ဝါသနာရှင်ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးနေလင်း "အောင်မြေသာစံ"(ပတ်ပျိုး) သီချင်းဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်သျှားထက်ဇော်(ခ)မောင်မင်းခေတ် "ညင်းညင်း"(မွန်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# ရိုးရာပေါင်းစု ပြည်ထောင်စု၏ ဂီတ

**ရန်ကင်းကိုကိုလေး**

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးခဲ့ပေပြီ။ ယခု ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမ စုစုပေါင်း ၂၅၄၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဘာသာရပ်အသီးသီးတွင် အကဲဖြတ်အမှတ်ပေးပညာရှင်များအဖြစ် သက်ဆိုင်ရာ အနုပညာအမျိုးအစားအလိုက် ဝါရင့်သမ္မာရင့် အနုပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်ကြီးများ စုစုပေါင်း ၁၇၉ ဦးက အကဲဖြတ်အမှတ်ပေးခဲ့ကြသည်။

ယမန်နှစ်များကထက် ယခုနှစ်တွင် ပြိုင်ပွဲဝင်ဦးရေ ပိုမိုပါဝင်လာခဲ့သည့်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို မြတ်နိုးတန်ဖိုးထားလာကြသည်ကို ဝမ်းသာပီတိ ဖြစ်မိပါသည်။

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင် အရေအတွက် များပြားလာသကဲ့သို့ ပြိုင်ပွဲဝင် အဆိုရှင်များ၊ အကပြိုင်ပွဲဝင်များ၊ အရေးပြိုင်ပွဲဝင်များ၊ အတီးပြိုင်ပွဲဝင်များ၏ အရည်အသွေးများ မြင့်မားလာသည်များကိုလည်း ကြားသိမြင်တွေ့ရသည်မှာ အားရစရာပင်ဖြစ်သည်။

**တိုင်းရင်းသားလူမျိုး ရှစ်မျိုးတို့၏ ရိုးရာတူရိယာများကို ပေါင်းစပ်ကာ သံစုံတီးဝိုင်းကြီးအဖြစ် စုပေါင်းတီးမှုတ်ဖျော်ဖြေမှု အစီအစဉ်**

ယခုနှစ် ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ထူးခြားမှုအဖြစ် ဖွင့်ပွဲအခမ်းအနားကြီးတွင် သမိုင်းဝင်ဖန်တီးမှုဟု ပြောရမည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင် စီစဉ်သော ဂုဏ်ယူဝင့်ကြွားဖွယ်ရာ၊ ကြည်နူးမြတ်နိုးတန်ဖိုးထားဖွယ်ရာ တင်ဆက်မှုတစ်ခုမှာ မြန်မာနိုင်ငံသားတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ညွှန်းပြသနေသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုး ရှစ်မျိုးတို့၏ ရိုးရာတူရိယာများကို ပေါင်းစပ်ကာ သံစုံတီးဝိုင်းကြီးအဖြစ် စုပေါင်းတီးမှုတ်ဖျော်ဖြေမှုအစီအစဉ်ကို ခမ်းနားစွာ မြင်တွေ့ရခြင်းပင် ဖြစ်ပါသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားဂီတပညာရှင် ၄၃ ဦးတို့က တူရိယာပစ္စည်း ၄၃ မျိုးကို တစ်ပြိုင်နက်သံစုံတီးဝိုင်းဖန်တီးမှုသည် တိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုကို ထင်ဟပ်စေသော အနုပညာစုစည်းမှုအားတစ်ရပ်ဖြစ်ပြီး မြန်မာပြည်ဖွားတိုင်းရင်းသားတို့၏ တစ်စိတ်တစ်ဝမ်းညီညွတ်ချစ်ကြည်စည်းလုံးမှုကို ဖော်ညွှန်းပြသသော "ရိုးရာပေါင်းစုယဉ်ကျေးမှုနှင့် ပြည်ထောင်စု၏ဂီတ" ဖြစ်ကြောင်း၊ ညီညွတ်သွေးစည်းသော တစ်မြေတည်းနေ တစ်ရေတည်းသောက် တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်မိတည်းဖွားဖြစ်သည့် ညီရင်းအစ်ကိုမောင်ရင်းနှမတို့ဖြစ်ကြောင်းကို ထင်ရှားပေါ်လွင်စေပါသည်။

ပြည်ထောင်စုတိုင်းရင်းသား သွေးချင်းများသည် မြန်မာနိုင်ငံအတွင်း နှစ်ပေါင်းထောင်ချီ ရှည်လျားသော သမိုင်းစဉ်တစ်လျှောက်တွင် စည်းလုံးညီညွတ်စွာ နေလာခဲ့ကြပြီး ထုထည်ပမာဏ ကြီးမားခိုင်ခံ့သော မြန်မာ့ယဉ်ကျေးမှုအုတ်မြစ်ကြီးများကို ခိုင်ခိုင်မာမာ စိုက်ထူနိုင်ခဲ့ကြသည်။




ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမတို့၏ စုစည်းတီးခတ်ပုံဖော်ထားသော တိုင်းရင်းသား တူရိယာသံစုံတီးဝိုင်းကြီး၏ တီးခတ်ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

ကမ္ဘာ့အလယ်တွင် ထူးခြားလေးနက်သော ကိုယ်ပိုင်မြန်မာမှု မြန်မာ့ဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားနိုင်ခဲ့သည်။

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက စီစဉ်တင်ဆက်သော "ပြည်ထောင်စု တိုင်းရင်းသားတို့၏ ရိုးရာဂီတသံစုံတီးဝိုင်း" တွင် ပါဝင်သော တူရိယာပစ္စည်းများမှာ အောက်ပါဇယား အတိုင်းဖြစ်သည်။

| စဉ် | တိုင်းရင်းသား လူမျိုး | တူရိယာ အရေအတွက် | ပါဝင်သည့်တူရိယာများ |
|---|---|---|---|
| ၁ | ကချင် | ၆ မျိုး | မနောင်ကျိန်(စည်တော်)၊ မောင်း၊ ရှယ်တန်(တယော)၊ ဂျိမ်းဖောခွေါလန်(ပလွေ)၊ ချဲဂေါ်(ဂီတာ)၊ လီဆူခွေါလန်(ပလွေ) |
| ၂ | ကယား | ၅ မျိုး | ဗုံ၊ မောင်းငယ်၊ ပလွေ၊ မောင်းကြီး၊ လင်းကွင်း |
| ၃ | ကရင် | ၄ မျိုး | ကရင်စောင်း၊ ကရင်ဖျပ်စောင်း၊ ပလွေ၊ ကရင်ဖားစည် |
| ၄ | ချင်း | ၅ မျိုး | မောင်း (၄) ခု၊ ဗုံ |
| ၅ | ဗမာ | ၈ မျိုး | ပတ်မကြီး၊ ပလွေ၊ ဆိုင်းဝိုင်း၊ စည်တို၊ စည်း၊ ဝါး၊ စောင်း၊ လင်းကွင်း |
| ၆ | မွန် | ၅ မျိုး | မိကျောင်းစောင်း၊ ပလွေကြီး၊ လခြမ်းကြေးနောင် တူရိယာ၊ မိကျောင်းပတ္တလား၊ ထောင်တယော |
| ၇ | ရခိုင် | ၅ မျိုး | ပလွေ၊ မိကျောင်းပတ္တလား၊ ခွက်ခွင်း၊ မာလခွံတယော(အုန်းမှုတ်တယော)၊ ရခိုင်မင်္ဂလာစည် |
| ၈ | ရှမ်း | ၅ မျိုး | စည်း(သံလွင်)၊ လင်းကွင်း၊ ရှမ်းအိုးစည်(အရှည်)၊ ခနုအိုးစည်(အတို)၊ ရှမ်းမောင်းဆိုင်း |
| | စုစုပေါင်း | ၄၃ မျိုး | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသားမျိုးနွယ်ပေါင်းစုံတို့သည် ရေမြေဒေသကိုလိုက်ပြီး ကိုးကွယ်ယုံကြည်မှု၊ ဘာသာတရား၊ ဘာသာစကားနှင့် နေထိုင်မှုဓလေ့ထုံးတမ်းများ ကွဲပြားခဲ့သော်လည်း မိမိတို့၏ သက်ဆိုင်ရာ ရိုးရာအနုသုခုမပညာရပ်များကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းမှုချင်းက တူညီကြသည်။

**တူရိယာ ငါးပါး**

မြန်မာနိုင်ငံသားတို့၏ အခြေခံတူရိယာဖြစ်သော ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဆိုသော တူရိယာငါးပါးကို သုံးစွဲပုံခြင်းက တူညီကြသည်။

အခြေခံတူရိယာစနစ် တူညီကြသော်လည်း ကွဲပြားခြားနားသော တေးသွားသံစဉ်များ တူရိယာပစ္စည်းများကို အသုံးပြုတီးခတ်မှုများကို တစုတစည်းတည်းပေါင်းစပ်ပြီး ညီမျှသောသံစဉ်တီးဝိုင်းတစ်ခုအဖြစ် ဖန်တီးထားခြင်းသည် **"ပြည်ထောင်စု"** ဆိုသော စကားရပ်ကို အနုပညာမြောက်စွာ စုပေါင်းတီးခတ်ခြင်းဖြင့် အဓိပ္ပာယ်ရှိစွာ ဖော်ညွှန်းထားခြင်း ဖြစ်ပါသည်။

ပန်းတစ်ပွင့်ချင်းသည် ပန်းခင်းကြီးတစ်ခင်းကို ကိုယ်စားပြုသကဲ့သို့ အရောင်အသွေးစုံလှစွာသော ပန်းခင်းကြီးသည်လည်း ပန်းတစ်ပွင့်ချင်းစီ၏ အလှကို အပြန်အလှန် ဂုဏ်ပြုဖော်ပြနေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဆိုသော တိုင်းရင်းသားမျိုးနွယ်စုကြီး ရှစ်စုသည် ပန်းတစ်ပွင့်ချင်းစီနှင့် စီခြယ်ထားသော ပန်းခင်းကြီးနှင့် အလားသဏ္ဌာန်တူလှသည်။

တိုင်းရင်းသားမျိုးနွယ်စုကြီး ရှစ်မျိုး၏ ကိုယ်ပိုင်တူရိယာပစ္စည်း ၄၃ မျိုးကို အသုံးပြုပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမ ၄၃ ဦးတို့၏ စုစည်းတီးခတ်ပုံဖော်ထားသော တိုင်းရင်းသားတူရိယာသံစုံတီးဝိုင်းကြီး၏ တီးခတ်ဖျော်ဖြေတင်ဆက်မှုကို တွေ့မြင်နားဆင်လိုက်ရသောအခါ ရင်ဝယ်ပီတိ လှိုက်ဖိုဝမ်းသာကာ နှလုံးသားဆီသို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ၊ သွေးချင်းညီအစ်ကိုများ၏ အနုသုခုမဂီတရသကို ချစ်မြတ်နိုးသော စိတ်ဓာတ်များနှင့် ...တို့ **တိုင်းရင်းသားညီအစ်ကိုမောင်နှမများက တစ်သွေးတစ်သား၊ တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဂီတစွမ်းအားသည် ညီညွတ်သော စွမ်းအား၊ စည်းလုံးပေါင်းစည်းမှုရှိသော အင်အား** ဟူ၍ ကြည်နူးဝမ်းမြောက် ဂုဏ်ယူမိသည်။

တိုင်းရင်းသားသံစုံတီးဝိုင်းကြီးတွင် **"ကချင်"** တိုင်းရင်းသားတို့၏ မနောစည်၊ ပလွေ၊ တယော၊ မောင်းနှင့် ဂီတာတို့ပါဝင်ကာ **"ကယား"** တိုင်းရင်းသားတို့၏ ဗုံ၊ မောင်းငယ်၊ လင်းကွင်း၊ ပလွေနှင့် မောင်းကြီးတို့ပါဝင်ပြီး **"ကရင်"**တိုင်းရင်းသားများ၏ ဖားစည်၊ ကရင်စောင်း၊ ဖျပ်စောင်းနှင့် ပလွေတို့ ပါဝင်သလို **"ချင်း"** တိုင်းရင်းသားများ၏ ဗုံ၊ မောင်းနှင့် လင်းကွင်းတို့ပါဝင်သည်။ **"ဗမာ"** တိုင်းရင်းသားတို့၏ ဆိုင်းဝိုင်းပတ်မကြီးနှင့် ခြောက်လုံးပတ်၊ စောင်း၊ စည်တို၊ လင်းကွင်း၊ စည်းဝါးနှင့် ပလွေတို့ ပါဝင်သကဲ့သို့ **"မွန်"**တိုင်းရင်းသားများ၏ ကြိုးတပ်မိကျောင်း၊ စောင်းလခြမ်းကြေးနောင်ဝိုင်း၊ မိကျောင်းပတ္တလား၊ ထောင်တယောနှင့် ပလွေများ ပါဝင်ကာ **"ရခိုင်"** တိုင်းရင်းသားတို့၏ ပလွေ၊ မာလခွံတယော၊ မိကျောင်းပတ္တလား၊ ရခိုင်မင်္ဂလာစည်နှင့် ခွက်ခွင်းတို့ပါဝင်ပြီး

**စာမျက်နှာ ၁၁ သို့**

**"တိုင်းရင်းသားမျိုးနွယ်စုကြီး ရှစ်မျိုး၏ ကိုယ်ပိုင်တူရိယာပစ္စည်း ၄၃ မျိုးကို အသုံးပြုပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမ ၄၃ ဦးတို့၏ စုစည်းတီးခတ်ပုံဖော်ထားသော တိုင်းရင်းသားတူရိယာသံစုံတီးဝိုင်းကြီး၏ တီးခတ်ဖျော်ဖြေတင်ဆက်မှုကို တွေ့မြင်နားဆင်လိုက်ရသောအခါ ရင်ဝယ်ပီတိ လှိုက်ဖိုဝမ်းသာကာ နှလုံးသားဆီသို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ၊ သွေးချင်းညီအစ်ကိုများ၏ အနုသုခုမဂီတရသကို ချစ်မြတ်နိုးသော စိတ်ဓာတ်များနှင့် ...တို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများက တစ်သွေးတစ်သား၊ တို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဂီတစွမ်းအားသည် ညီညွတ်သော စွမ်းအား၊ စည်းလုံးပေါင်းစည်းမှုရှိသော အင်အားဟူ၍ ကြည်နူးဝမ်းမြောက်ဂုဏ်ယူမိ"**




# တီထွင်မှုမူပိုင်ခွင့် တရားဝင်စတင်လက်ခံခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

တီထွင်မှု မူပိုင်ခွင့် တရားဝင်စတင်လက်ခံခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယနေ့ခေတ်သည် နည်းပညာများနှင့် ယှဉ်ပြိုင်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာမှုနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်စီးပွားရေးစနစ်(Global Market)ကို ကျင့်သုံးလာမှုကြောင့် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များသည် ကဏ္ဍအသီးသီးတွင် ပိုမိုအရေးပါလာကြောင်း၊ မူပိုင်ခွင့် အကာအကွယ်ပေးသည့် စနစ်ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့ကောင်းတစ်ခု ဖြစ်စေမည်ဖြစ်ကြောင်း။

## တရားဝင်စတင်လက်ခံ

မိမိတို့နိုင်ငံအနေဖြင့် မူပိုင်ခွင့် အကာအကွယ်ပေးသည့်စနစ်တည်ထောင်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မူပိုင်ခွင့်ဥပဒေ ၄ ရပ်အနက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေများသည် ၂၀၂၃ ခုနှစ်တွင် အာဏာတည်ခဲ့ပြီး အဆိုပါဥပဒေများအတွက် မူပိုင်ခွင့်လျှောက်ထားခြင်းများကို လက်ခံဆောင်ရွက်လျက်ရှိကြောင်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေသည် ၂၀၂၄ ခုနှစ် မေ ၃၁ ရက်တွင် အာဏာတည်ခဲ့ပြီး ယနေ့တွင် တီထွင်မှု မူပိုင်ခွင့်ဥပဒေအရ တီထွင်မှု လျှောက်ထားချက်များကို တရားဝင် စတင်လက်ခံပြီဖြစ်ရာ မူပိုင်ခွင့်ဥပဒေ လေးခုလုံးကို ပြည့်ဝစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ တီထွင်မှုများကို အကာအကွယ်ပေးလာနိုင်ခြင်းအားဖြင့် နည်းပညာလွှဲပြောင်းရေးကို မြှင့်တင်နိုင်ခြင်း၊ တီထွင်ဆန်းသစ်မှုများ တိုးမြှင့်နိုင်ခြင်း၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်း၊ ဝင်ငွေရရှိမှုတိုးတက်နိုင်ခြင်း၊ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည့်အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တီထွင်မှု မူပိုင်ခွင့်ဥပဒေကို အာဏာသက်ဝင်ခြင်းနှင့် တီထွင်မှု မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဝင်များက လူကိုယ်တိုင်တက်ရောက်ကြပြီး မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် သက်ဆိုင်ရာ အသင်းများမှ တာဝန်ရှိသူများ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု အထောက်အကူပြုစင်တာများမှ ကိုယ်စားလှယ်များနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်များမှ အရာထမ်း ကိုယ်စားလှယ်များက Virtual စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၁၀ မှ

"ရှမ်း"တိုင်းရင်းသားများ၏ ရှမ်းအိုးစည်၊ ဓနုအိုးစည်၊ ရှမ်းမောင်းဆိုင်း၊ လင်းကွင်းနှင့် စည်းသံလွင်တူရိယာများ ပါဝင်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပခြင်းသည် မြန်မာတိုင်းရင်းသားတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသော ကြိုးပမ်းမှုနှင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးခြင်းဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် ပြည်ထောင်စုတိုင်းရင်းသား အားလုံးပူးပေါင်းပါဝင်ကာ ခမ်းခမ်းနားနား အောင်အောင်မြင်မြင် စည်စည်ကားကား ကျင်းပပြီးစီးခဲ့ပေပြီ။ ယခု (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်မှသည် ရွှေရတု၊ စိန်ရတု၊ ရတုအလီလီ တိုင်းရင်းသားများ စည်းလုံးညီညာ တန်ဖိုးထိုက်စွာသော ရိုးရာအမွေအနှစ် အနုပညာအဆီအနှစ်များကို ပညာရှင်အသီးသီးက လက်ဆင့်ကမ်းကာ ပေးဝေကြပါ။ ဝါသနာရှင်များကလည်း လေ့လာမှတ်သား ဆင့်ပွားထိန်းသိမ်းကာ ဂုဏ်မြင့်အောင်၊ ဂုဏ်ဝင့်အောင်၊ အရိုးကိုအရွက်မဖုံးအောင် ထိန်းသိမ်းကာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် ပါဝင်ကာ မိမိတို့ အနုပညာစွမ်းအားများကို ဖော်ထုတ်ပြသ ဂုဏ်ယူနိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်။

ဤဆောင်းပါး ဖြစ်မြောက်အောင် ကူညီပံ့ပိုးပေးသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရိုးရာဂီတသံစုံတီးဝိုင်း **"The Traditional Orchestra of the Nationalities of the Union"** ကို ဖန်တီးတင်ဆက်သူ ပညာရှင် ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင်ကို အထူးကျေးဇူးတင်ရှိပါသည်။ ။

**❖ မန်စီးတီးအသင်းမှ**

နည်းပြ ဂွာဒီယိုလာရဲ့ မန်စီးတီးအသင်းကတော့ စပါးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ယခုဘောလုံးရာသီအတွင်းမှာ ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့ရပြီဖြစ်ပါတယ်။

စပါးအသင်းဟာ မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကာရာဘောင်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။ စပါးအသင်းဟာ ကာရာဘောင်ဖလားပြိုင်ပွဲမှာ ၂၀၀၈ ခုနှစ်ကဆုဖလားရရှိခဲ့ပြီးနောက်ပိုင်း ချန်ပီယံဆုနဲ့ ဝေးကွာခဲ့ရတာဖြစ်ပြီး ယခုဘောလုံးရာသီမှာ ချန်ပီယံဆုရရှိဖို့ ရေပန်းစားနေတာဖြစ်ပါတယ်။

အခြားသော ကာရာဘောင်ဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေမှာတော့ အာဆင်နယ်အသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်း၊ နယူးကာဆယ်အသင်းနဲ့ ဘရန်းဖို့ဒ်အသင်း၊ ဆောက်သမ်တန်အသင်းနဲ့ လီဗာပူးအသင်း အသီးသီးတွေ့ဆုံနေတာဖြစ်ပြီး ကာရာဘောင်ဖလားကွာတားအဆင့်ပွဲစဉ်တွေကို ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပမှာဖြစ်တယ်လို့လည်း သိရပါတယ်။

**ငွေကြယ်**

## မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီး၏ သံဝေဂဓမ္မလင်္ကာနှင့် စေတနာ

❖ ရုပ်နာမ် ဓမ္မ၊ သင်္ခါရတို့
ကိုယ်ကဲ့ပုံ၊ ဖြစ်လိုတုံလည်း
တစ်ဖုံဆင်ကွဲ၊ သူတနဲဖြင့်
ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို
ပညာစက္ခု၊ မျှော်ထောက်ရှု၍

❖ ယခုပင်လျှင်၊ မအိုခင်က ၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။

❖ ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။

❖ ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု ကြိုးစားပြုလော့။

❖ ရတုချိန်ထောက်၊ ဤခါရောက်မှ
ချုပ်ပျောက်ခန္ဓာ၊ သေပိမ့်ဌာဟု၊
သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊
မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်
တစ်စက်ကမျှ၊ မရှိကြဘူး။

❖ အပ္ပမာဒေန၊ ဘိက္ခဝေ၊ သမ္မာဒေထ
ဘုရားစကား၊ လိုက်နာပွားကာ
တရားလက်မလွတ်စေနှင့်။

❖ တိပိဋကဓရ ဓမ္မအကျော် ဆရာတော်၏
သံဝေဂ ဓမ္မလင်္ကာ၊ စေတနာကို
ခုခါချိန်ခိုက်၊ ကြုံလိုက်လေမှ
သံဝေဂပွား၊ သတိထားမိ
အနိစ္စ ဒုက္ခ အနတ္တသဘော၊ စောကြောတွက်ဆ
ဒါန သီလ ဘာဝနာ ကောင်းမှု၊ အစုစုကို
ပြုလုပ်ဖို့ရာ၊ ချိန်ဆိုင်းကာဖြင့်၊ နေလာခဲ့မိ
သတိလွတ်ကင်း၊ ဆင်းရဲခြင်းတွေ
ကြုံလို့နေပါပြီဘုရား။

❖ ဆရာတော်၏ "ကိုယ်ကဲ့ပုံ၊ ဖြစ်လိုတုံလည်း
တစ်ဖုံဆင်ကွဲ၊ သူတနဲဖြင့်၊ ဖောက်လွဲတတ်စွာ
ဓမ္မတာ" သဘော၊ ပြောလို့မယုံ၊ ကိုယ်တွေ့ကြုံမှ
ဆရာတော့်စကား၊ အမှန်တရားကို၊ ဆပွားလိုက်နာ
ကောင်းရာကောင်းမှု၊ အစုစုကို၊ ပြုလုပ်လျက်ရှိပါသည်ဘုရား။

❖ ရေဘေးကြုံ၍၊ ဖုံဖုံဒုက္ခ၊ ကြုံနေရသူ၊ ဟူဟူသမျှ
စားဝတ်နေမှု၊ စုစုတွက်တာ၊ ဒါနလှူဒါန်း
စွမ်းနိုင်သမျှ ၊ သီလဘာဝနာ၊ ချိန်ခါမဆိုင်း
ပြိုင်းရိုင်းကောင်းမှု၊ အမြဲပြုလျက်ရှိပါသည်ဘုရား။

**ငြိမ်းငွေစံ**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်/စစ်ကိုင်း) တက်ရောက်မည့် သင်တန်းသား သင်တန်းသူများအား ထောက်ပံ့ငွေပေးအပ်

ပဲခူး အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (B.Ed) ငါးနှစ်သင်တန်းအမှတ်စဉ် (၁၂) နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်/စစ်ကိုင်း) ပထမနှစ် တက်ရောက်မည့် သင်တန်းသား သင်တန်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သင်တန်းများပြီးဆုံး၍ နိုင်ငံတော်က ခန့်အပ်မည့်နေရာဒေသအသီးသီးတွင် ကျရာတာဝန်များကို ဦးလည်မသုန်ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်၏ကျေးဇူးသစ္စာကို ကျေပွန်စွာပြန်လည်ပေးဆပ်နိုင်သည့် သားကောင်း/သမီးမွန်များ ဖြစ်အောင်၊ နိုင်ငံတော်က အားထားရသူများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ (B.Ed) ငါးနှစ်သင်တန်းအမှတ်စဉ်(၁၂)နှင့်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်/စစ်ကိုင်း) ပထမနှစ်တက်ရောက်မည့်သင်တန်းသား သင်တန်းသူများအား ထောက်ပံ့ငွေကျပ် ၄၆ သိန်း ထောက်ပံ့ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)သို့ သင်တန်းသား သင်တန်းသူ ၁၀ ဦး၊ ဖွံ့ဖြိုးရေးတက္ကသိုလ် (ရန်ကုန်)သို့ သင်တန်းသား သင်တန်းသူ နှစ်ဦး၊ ဒီဂရီကောလိပ်သို့ သင်တန်းသား သင်တန်းသူ နှစ်ဦး စုစုပေါင်း ၁၄ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့သို့ တက်ရောက်မည့် ပထမနှစ်ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူ

ပုသိမ် အောက်တိုဘာ ၃၁

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်သင်ကြားမည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၏ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ် (၁၂) နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)တို့၏ ပထမနှစ်ဝိဇ္ဇာ၊ သိပ္ပံ၊ AGTI သင်တန်းများသို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲ အခမ်းအနားကို ယမန်နေ့ညနေပိုင်းက ပုသိမ်မြို့ ရောဇ္ဇဝေါခန်းမ၌ ကျင်းပသည်။

ဦးစွာ သင်တန်းသားရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက သင်တန်းသားရွေးချယ်မှု လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့သည်။

အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်သင်ကြားမည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၏ ပညာရေးဘွဲ့ ငါးနှစ် သင်တန်းအမှတ်စဉ် (၁၂) တက်ရောက်မည့်သူ ၁၉ ဦးနှင့် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)တို့၏ ပထမနှစ် ဝိဇ္ဇာ၊ သိပ္ပံ၊ AGTI သင်တန်းများသို့ တက်ရောက်မည့်သူ ၂၃ ဦး စုစုပေါင်း ၄၂ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ရာပြည့်သဘင်ဆိုင်ရာ Engineering Technology and Education Forum လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးနှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ဂုဏ်ပြုကျင်းပမည့် ရာပြည့်သဘင်ဆိုင်ရာ Engineering Technology and Education Forum လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကို ယနေ့ နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

**ရာပြည့်ဂုဏ်ပြုသဘင်ကျင်းပရန် ဆောင်ရွက်**

အစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက အင်ဂျင်နီယာစွမ်းရည်များဖြင့် နိုင်ငံ့အနာဂတ်ကောင်းများ ထွန်းလင်းနိုင်စေရန်၊ အနာဂတ်အင်ဂျင်နီယာပညာရေးလုပ်ငန်းစဉ်များကို Stakeholders များနှင့် ပူးပေါင်းဖော်ထုတ်နိုင်ရန် စသောရည်ရွယ်ချက်များဖြင့် အင်ဂျင်နီယာပညာရေးနှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ရာပြည့်ဂုဏ်ပြုသဘင် ကျင်းပရန် ဆောင်ရွက်နေပါကြောင်း၊ အဆိုပါဂုဏ်ပြုသဘင်တွင် ကျင်းပမည့် နိုင်ငံတကာဖိုရမ်အစီအစဉ်များနှင့် စပ်လျဉ်း၍ အနှစ်သာရပြည့်ဝစွာကျင်းပနိုင်ရေး အားလုံးဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများက ဖိုရမ်၏ Parallel Sessions အလိုက် စာတမ်းများနှင့်စပ်လျဉ်းပြီး ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းနှီးပွင့်လင်းစွာဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ညောင်လေးပင်မြို့နယ်၌ သမဝါယမအသင်းသားများသို့ နေကြာမျိုးစေ့များ ပေးအပ်



ညောင်လေးပင် အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ဆောင်းဆီထွက်သီးနှံ နေကြာစိုက်ပျိုးသော သမဝါယမအသင်းသားများအား နေကြာမျိုးစေ့များပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက်က မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျင်းပသည်။

ညောင်လေးပင်မြို့နယ်တွင် သမဝါယမကဏ္ဍမှ နေကြာစီမံကိန်းကို သမဝါယမအသင်း ခြောက်သင်းမှ အသင်းသား ၅၇ ဦး၏ စိုက်ဧက ၁၅၀ တွင် နေကြာများ စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ စိုက်ပျိုးရာတွင် ဆောင်းဆီထွက်သီးနှံနေကြာရေဆင်းစပ်မျိုး (၁) တစ်မျိုးတည်းသာ စိုက်ပျိုးသွားမည်ဖြစ်သည်။ နေကြာစိုက်ဧက ၁၅၀ အတွက် ရေဆင်းစပ်မျိုး (၁) နေကြာမျိုးစေ့များကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများက အသင်းသားတောင်သူများလယ်ဝယ်သို့ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ လေထုညစ်ညမ်းမှုအခြေအနေ ဆိုးရွားစွာဖြစ်ပေါ်

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၃၁**

ပါကစ္စတန်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ လာဟိုး၌ မီးခိုးမြူများထူထပ်စွာ ဖုံးလွှမ်းလျက်ရှိပြီး လေထုညစ်ညမ်းမှု အခြေအနေ ဆိုးရွားစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ပါကစ္စတန်အစိုးရသည် လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ကာကွယ်ရန် နှာခေါင်းစည်းများ မဖြစ်မနေ ဝတ်ဆင်ကြရန် ပြည်သူများကို တိုက်တွန်းပြောကြားကြောင်း သိရသည်။

ပန်ဂျပ်ပြည်နယ်ရှိ လာဟိုးမြို့သည် ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှု အဆိုးရွားဆုံးဖြစ်ပွားသော မြို့ဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံအခြေစိုက် လေထုအရည်အသွေး စောင့်ကြည့်ရေးအဖွဲ့က အောက်တိုဘာ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

မီးခိုးမြူများကြောင့် လည်ချောင်းနာခြင်း၊ ချောင်းဆိုးခြင်း အစရှိသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးပြဿနာများကို ဖြစ်စေနိုင်ကြောင်းနှင့် ကျန်းမာရေးဘေးဥပဒ်များကို ရှောင်ရှားရန် နှာခေါင်းစည်းများ ဝတ်ဆင်ထားရန် လိုအပ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

အသက်ရှူလမ်းကြောင်းနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါအခံရှိသော ကလေးများနှင့် ကျောင်းသား ကျောင်းသူများသည် နေအိမ်ပြင်ပသို့ မထွက်ဘဲ နေအိမ်၌သာ အွန်လိုင်းသင်တန်းများ တက်သင့်သည်ဟု ဒေသဆိုင်ရာတာဝန်ရှိသူများက အသိပေးပြောကြားခဲ့သည်။



လာဟိုးမြို့၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိစဉ် လေထုညစ်ညမ်းမှုဖြစ်ပွားခြင်းသည် ဒေသခံပြည်သူများအတွက် ပြဿနာတစ်ရပ်ဖြစ်လာသည်။ ဆောင်းရာသီ နီးကပ်လာသည်နှင့်အမျှ စပါးစိုက်ပျိုးရာသီအတွက် သီးနှံများ မီးရှို့မှုကြောင့် လေထုညစ်ညမ်းမှုအခြေအနေ ပိုမိုဆိုးရွားလာခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ကမ္ဘောဒီးယားနိုင်ငံ၌ ငါးနှစ်အောက်ကလေး ၁ ဒသမ ၅ သန်းကျော် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံ

**ဖနောင်ပင် အောက်တိုဘာ ၃၁**

ကမ္ဘောဒီးယားနိုင်ငံ တစ်ဝန်းရှိ အသက်ငါးနှစ်အောက်ကလေး ၁ ဒသမ ၅ သန်းကျော်အား အောက်တိုဘာ ၃၁ ရက်တွင် ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် ဝက်သက်ရောဂါ ကင်းစင်ရေးဆောင်ရွက်ချက်ကို အားဖြည့်သည့်အနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ ကလေးများအား ဝက်သက်နှင့် ဂျိုက်သိုးရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်ရေးအတွက် ကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းများကို လျာထားချက်ပြည့်မီစေရေး ကျန်းမာရေးဝန်ထမ်းများအား လက်တွဲဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီး ချီအန်ရာက တိုက်တွန်းပြောကြားခဲ့သည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြီးခဲ့သည့်ကာလများအတွင်း ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း ဝေးလံသည့်ဒေသများအထိ အောင်မြင်စွာ သွားရောက်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ဝက်သက်နှင့်ဂျိုက်သိုးရောဂါများသည် ကလေးများ ရောဂါခံစားရမှု ပြင်းထန်သော်လည်း ကြိုတင်ကာကွယ်နိုင်သည့် ရောဂါအမျိုးအစားများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာကိုယ်စားလှယ် မာရီနာတီရက်စ်က ပြောကြားသည်။ နိုင်ငံတစ်ဝန်း ဝက်သက်နှင့်ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်မှန်းချက်ဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူတိုင်းရရှိနိုင်စေရန် ဆောင်ရွက်နေကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကမ္ဘောဒီးယားနိုင်ငံအတွင်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါကင်းစင်သည့် နိုင်ငံဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# ထိုင်းအစိုးရက ကာလရှည် ရွှေ့ပြောင်းနေထိုင်သူများနှင့် တိုင်းရင်းသားလူနည်းစု ငါးသိန်းနီးပါးကို နိုင်ငံသားဖြစ်ခွင့်ပေးမည်

**ဗန်ကောက် အောက်တိုဘာ ၃၁**

ထိုင်းနိုင်ငံသည် ကာလရှည် ရွှေ့ပြောင်းနေထိုင်သူများနှင့် တိုင်းရင်းသားလူနည်းစု ငါးသိန်းနီးပါးကို နိုင်ငံသားဖြစ်ခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ရွှေ့ပြောင်းလုပ်သားဦးရေကို စီမံဆောင်ရွက်ပေးလျက်ရှိစဉ် နိုင်ငံသားဖြစ်ခွင့်ပေးမည့် အစီအစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယင်းအစီအမံသည် လူပေါင်း ၄၈၃၀၀၀ အတွက် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း ထိုင်းအစိုးရအဖွဲ့က ပြောကြားသည်။

၎င်းတို့အနက် အများစုသည် ၁၉၈၄ ခုနှစ်မှစတင်၍ နိုင်ငံအတွင်း နေထိုင်လျက်ရှိပြီး ဌာနေတိုင်းရင်းသား သို့မဟုတ် အထောက်အထားမဲ့လူနည်းစုများမှ မွေးဖွားလာသော သားသမီး ၁၄၂၀၀၀ တို့ပါဝင်ကြောင်း သိရသည်။

တရားဝင်နိုင်ငံသားဖြစ်ခွင့်ပေးသည့် လုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြင့် ရွှေ့ပြောင်းအလုပ်သမားများ လွတ်လပ်စွာ ခရီးသွားလာနိုင်စေရန်နှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထိုင်းနိုင်ငံသည် ဆောက်လုပ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် စိုက်ပျိုးရေးအပါအဝင် စက်မှုလုပ်ငန်းအမျိုးမျိုးတွင် ရွှေ့ပြောင်းလုပ်သားများကို ကာလရှည်ကြာ မှီခိုအားထားနေရကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ လူနေအဆောက်အအုံအား အစ္စရေးက လေကြောင်းမှတိုက်ခိုက်

**ဂျေရုဆလင် အောက်တိုဘာ ၃၁**

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း ဘေ့ဒ်လာဟီယာရှိ လူနေအဆောက်အအုံတစ်ခုအား အစ္စရေးတပ်မတော်က လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ၉၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဂါဇာကမ်းမြောင်ဒေသရှိ ကျန်းမာရေးအာဏာပိုင်များက အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားခဲ့သည်။ ၎င်းအဆောက်အအုံတွင် နေထိုင်သူ ၁၅၀ ခန့်ရှိကြောင်း ပါလက်စတိုင်းမီဒီယာက ပြောကြားသည်။

အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့ကြား ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးရန်အတွက် အဆိုပြုချက်များ ထွက်ပေါ်လာသော်လည်း လက်ရှိအချိန်တွင် ရှေ့တိုးဆောင်ရွက်ရန် အလားအလာနည်းပါးနေကြောင်း စေ့စပ်ညှိနှိုင်းရေးတာဝန်ယူသည့် ကာတာနိုင်ငံ၌ အောက်တိုဘာ ၂၇ ရက်တွင် ဂါဇာအရေးဆွေးနွေးပွဲများ ပြန်လည်စတင်ခဲ့သည်။ နှစ်ဖက်အကြား သီတင်းလေးပတ်ကြာ အပစ်အခတ်ရပ်စဲရေးကာလ သတ်မှတ်ရန် အဆိုပြုချက်ကို အမေရိကန်ဗဟိုထောက်လှမ်းရေး အေဂျင်စီ ညွှန်ကြားရေးမှူး ဝီလီယံဗမ်းက ၎င်းဆွေးနွေးပွဲတွင် တင်ပြခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲအတွင်း ညှိနှိုင်းမှုများတွင် အကျဉ်းသားများကို အပြန်အလှန်လွှတ်ပေးရေးကိစ္စကိုလည်း တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြသည်။ အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့သည် အမေရိကန်သမ္မတ ရွေးကောက်ပွဲရလဒ်များအပေါ်အခြေခံ၍ ၎င်းတို့၏ ရပ်တည်ချက်များကို ပြုပြင်ပြောင်းလဲဖွယ်ရှိသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–စိုးသူရ**

# စပိန်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၉၅ ဦးကျော်ရှိလာ

**မက်ဒရစ် အောက်တိုဘာ ၃၁**

စပိန်အရှေ့ပိုင်းဒေသ ဗလင်စီယာနှင့် အနီးဝန်းကျင်ရှိ အယ်ဘာဆီတီနှင့် ကွင်းကာပြည်နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုအတွင်း သေဆုံးသူ ၉၅ ဦးကျော်ရှိကြောင်း သိရသည်။

အဆိုပါ ဒေသများ၌ အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

အရှေ့ဘက်ကမ်းရိုးတန်း တစ်လျှောက် မက်ဒရစ်နှင့်ဗလင်စီယာကြားရှိ အဝေးပြေးလမ်းမကြီးများအပါအဝင် လမ်းမကြီး ၆၀ ကျော် ပိတ်ထားခဲ့ရသည်။ ဒေသတွင်း ရထားဝန်ဆောင်မှုများကို ရပ်ဆိုင်းထားပြီး ဗလင်စီယာနှင့် မြို့တော်မက်ဒရစ်ကြား မြန်နှုန်းမြင့် ရထားလမ်းကိုလည်း ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။



ဝန်ကြီးချုပ် ဆန်းချက်ဇ်သည် အရေးပေါ်အစိုးရအဖွဲ့ အစည်းအဝေးတစ်ရပ် ခေါ်ယူခဲ့ပြီး ၎င်း၏ အစိုးရက ရေဘေးသင့်မိသားစုများအား အပြည့်အဝပံ့ပိုးကူညီမည်ဟု ကတိပြုခဲ့သည်။

စပိန်တပ်မတော် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့မှ အဖွဲ့ဝင် ၁၀၀၀ ခန့်ကို ကယ်ဆယ်ရေးနှင့်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရေဘေးသင့်ဒေသများသို့ဖြန့်ကြက်ချထားကြောင်း သိရသည်။

လက်ရှိအချိန်အထိ နေရာအများအပြားတွင် လျှပ်စစ်ဓာတ်အားနှင့် ဖုန်းကွန်ရက်များ ပြတ်တောက်မှုကြောင့် လုပ်ငန်းလည်ပတ်မှုများကို အဟန့်အတားဖြစ်လျက်ရှိသည်။

နိုင်ငံအတွင်း၌ ၁၉၆၆ ခုနှစ်နှင့် ၁၉၅၇ ခုနှစ်တို့တွင်လည်း တူရီးယားမြစ်ရေလျှံခြင်းကြောင့် ဗလင်စီယာမြို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် –အောင်ကျော်ကျော်**

# ကန့်ဘလူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာနှစ်ရွာကို မီးရှို့ဖျက်ဆီးခဲ့ပြီး အိုင်ပေါင်းချောင်ရွာမှ ပြည်သူများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ




နေပြည်တော် အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် စစ်ကြောင်းထိုးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၃၀ ရက်က ကျေးရွာနှစ်ရွာကို ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခဲ့ပြီး အိုင်ပေါင်းချောင်ရွာမှ ပြည်သူ ၃၀ ကျော်ကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားကာ မုံလှရွာရှိ ခရစ်ယာန်ဘုရားကျောင်းကို ဒရုန်းဖြင့် ဗုံးကြဲဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

**လုပ်ကြံရေးသား**

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများအား ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် အဆိုပါရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာများဝန်းကျင်တွင် လုံခြုံရေးဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း သိရှိရပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက ဖြစ်စဉ်ဖြစ်ရပ်မှန်ကန်မှုမရှိသည့် သတင်းမှားများကို လုပ်ကြံရေးသားကာ လူမှုကွန်ရက်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးညှင်းထောင်တွင် ထောင်အာဏာပိုင်များက ခြိမ်းခြောက်ငွေတောင်းဟု မဟုတ်မမှန်ရေးသား ဖော်ပြ

နေပြည်တော် အောက်တိုဘာ ၃၁

မိုးညှင်းထောင်တွင် နိုင်/ကျဉ်းများထံမှ ထောင်အာဏာပိုင်များက ခြိမ်းခြောက်ငွေတောင်းသည့်အပြင် ကျန်းမာရေးမကောင်းလျှင် ဆေးဝါးကုသခွင့်မရဟူ၍လည်းကောင်း၊ မိတ္ထီလာအကျဉ်းထောင်တွင် သန့်ရှင်းမှုရှိသော သောက်ရေနှင့်ချိုးရေ မရဟူ၍ လည်းကောင်း Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန်လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ မိုးညှင်းဗဟိုအကျဉ်းထောင်၌ နိုင်ငံရေး အကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး ထောင်တာဝန်ခံအရာရှိသည် မည်သည့်အကျဉ်းထောင်ဝန်ထမ်းကိုမဆို အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနှင့် ငွေကြေးပတ်သက်ဆက်နွယ်ခြင်း၊ တောင်းခံခြင်းများ မပြုလုပ်ရန် အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်သည်ဟု စစ်ဆေးပေါ်ပေါက်ပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကျဉ်းထောင် တာဝန်ရှိသူထံမှ သိရသည်။

မိုးညှင်းဗဟိုအကျဉ်းထောင်၌ အကျဉ်းထောင် ဆေးရုံအုပ်မရှိသော်လည်း တာဝန်ခံ ဆရာဝန်နှင့် အမျိုးသားသူနာပြုတစ်ဦးတို့က ကျန်းမာရေးမကောင်းသည့် အကျဉ်းသား အကျဉ်းသူများအား နေ့စဉ် ကြည့်ရှုကုသပေးလျက်ရှိကြောင်း၊ ထို့ပြင် ဆေးရုံတင်ပို့ကုသရမည့် အကျဉ်းသားအကျဉ်းသူများအား မိုးညှင်းပြည်သူ့ဆေးရုံကြီးသို့ အချိန်နှင့်တစ်ပြေးညီတင်ပို့ ကုသပေးလျက်ရှိသည့်အပြင် လိုအပ်သည့်ဆေးဝါးများနှင့် ကုန်ကျစရိတ်များကို ဦးစီးဌာန ရန်ပုံငွေမှ ကျခံဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိုးညှင်းဗဟိုအကျဉ်းထောင်ရှိအဆောက်အအုံ ပြင်ဆင်ခြင်းများအား ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး မည်သည့် အကျဉ်းသားတစ်ဦးတစ်ယောက်ထံမှ အဆောက်အအုံပြင်ဆင်စရိတ် တောင်းခံခြင်း၊ ငွေကြေး တောင်းခံခြင်းများ မရှိကြောင်း၊ အကျဉ်းထောင်ရှိ အိပ်ဆောင်များတွင် အချို့အခန်းများသည် ဆွေးမြည့်ပျက်စီးနေသည့်အတွက် အကျဉ်းသားများ၏ လုပ်အားဖြင့် ပြင်ဆင်ခြင်း၊ ရုံးသုံးပရိဘောဂများ ပြုပြင်ခြင်းတို့သာ ဆောင်ရွက်မှုရှိပြီး ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထောင်တွင်းပစ္စည်းရောင်းချခွင့်မရှိဘဲ ဥပဒေအရ တင်းကျပ်စွာ တားမြစ်ထားပြီး အကျဉ်းသားများအပ်နှံထားသောငွေဖြင့် ပစ္စည်းများ ဝယ်ယူပေးသောစနစ်ဖြင့် ဝယ်ယူပေးရာတွင်လည်း ပြင်ပတွင် ရောင်းနေသောဈေးနှင့် မကွာခြားစေရန် စီစဉ်ဆောင်ရွက်ထားရှိပြီး အကျဉ်းသားအပေါ် အဆမတန်ဈေးတင်ခြင်း၊ အမြတ်ထုတ်ခြင်း ပြုလုပ်ကြောင်း စစ်ဆေးပေါ်ပေါက်ပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းဖြစ်သည်။

ထို့အတူ Khit Thit Media အမည်ခံ Facebook Page က ဖော်ပြထားသော မိတ္ထီလာအကျဉ်းထောင်တွင် သန့်ရှင်းမှုရှိသော သောက်ရေနှင့် ချိုးရေမရဖြစ်နေသည် ဟူသည်မှာ မှန်ကန်မှုမရှိဘဲ မိတ္ထီလာ အကျဉ်းထောင်ရှိ အကျဉ်းသားများ၏ ချိုးရေ၊ သုံးရေများအတွက် မိတ္ထီလာကန်မှ စုပ်ယူကာ အကျဉ်းထောင်ရှိ ဂါလန် ၈၀၀၀ ဆံ့ ရေကန်အတွင်းသို့ ဖြည့်သွင်း၍ တစ်နေ့လျှင် ဖနာရီ နှစ်ကြိမ် ဖြန့်ဝေပေးလျက်ရှိကြောင်း။

ထို့ပြင် လျှပ်စစ်မီးမလာသည့် အချိန်များတွင် မီးစက်မောင်းနှင်၍ ရေမပြတ်အောင် ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပြီး ရေများသန့်ရှင်းမှုရှိစေရန် ရေကန်များကို အမြဲမပြတ် သန့်ရှင်းဆေးကြောပေးလျက်ရှိကာ လုံလောက်မှုရှိကြောင်း၊ သောက်ရေအတွက် အကျဉ်းထောင် ရေသန့်စက်ဖြင့် နေ့စဉ် လီတာ ၃၀၀၀ ခန့် သောက်သုံးခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေသန့်စက်မှထွက်ရှိသည့် ရေသန့်များကို အိပ်ဆောင်အလိုက် လီတာ၂၀ ဆံ့သည့်ဘူးများဖြင့် နေ့စဉ် ဖြန့်ဝေပေးလျက်ရှိကြောင်း အကျဉ်းထောင်တာဝန်ရှိသူထံမှ သိရသည်။

အလားတူ မိတ္ထီလာအကျဉ်းထောင်တွင် အကျဉ်းထောင်ဆရာဝန် တစ်ဦးနှင့် သူနာပြုတစ်ဦးတို့က အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများအား ကျန်းမာရေးစောင့်ရှောက်မှု နေ့စဉ်ကြည့်ရှုဆောင်ရွက်ပေးလျက်ရှိပြီး အကျဉ်းသား အကျဉ်းသူများအား အရေပြားယားနာရောဂါများ မဖြစ်ပွားစေရန် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိပ်ဆောင်၊ အခန်းများ သန့်ရှင်းမှုရှိစေရန် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် သတင်းဖော်ပြခြင်းသာဖြစ်သည်။

**သစ္စာ**

# ဘားအံမြို့နယ်၌ မီးသွေးမီးဖြင့် ထမင်းအိုးတည်ရာမှ မီးလောင်မှုဖြစ်ပွား

နေပြည်တော် အောက်တိုဘာ ၃၁

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ အောက်တိုဘာ ၃၀ ရက်က မီးသွေးမီးဖြင့် ထမင်းအိုးတည်ရာမှ မီးလောင်မှုဖြစ်ပွား၍ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီ မိနစ်၂၀ တွင် ဘားအံမြို့နယ် အိန္ဒုစုံပြကျေးရွာတွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ အိန္ဒုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်တစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ ဖြစ်စဉ်အား စိစစ်ခဲ့ရာ အဆိုပါကျေးရွာနေ ဒေါ်သိန်းအောင်(၆၃)နှစ်၏ နေအိမ် မီးဖိုချောင်တွင် မီးသွေးမီးဖြင့် ထမင်းအိုးတည်ရာမှ နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ တစ်ထပ်နေအိမ်တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ဒေါ်သိန်းအောင်အား အိန္ဒုနယ်မြေရဲစခန်း(ပ)၅၀/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၆၀ | ၃၁၃၅ | ၃၀၉၀ | ၃၁၆၅ | ၃၁၇၅ | ၃၁၉၀ | ၃၁၄၅ | ၄၄၀၅ | ၃၃၀၀ | ၃၁၅၀ | ၃၁၆၅ | ၃၂၀၀ | ၃၁၈၅ | ၃၂၀၀ | ၃၆၀၅ | ၄၁၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၅ | ၄၄၅၅ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၉၅ | ၂၆၇၀ | ၂၆၂၅ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၀ | ၂၆၇၅ | - | ၂၈၃၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၃၀ | ၂၇၂၀ | ၂၇၃၀ | ၃၁၃၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | ၄၇၂၀ | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | - | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၂၂ | ၃၀၁၄ |
| 95 Ron | ၃၁၂၅ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၃၀၉၇ | ၃၁၈၈ |
| HSD (10 ppm) | ၃၀၉၇ | ၃၁၈၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

○ AFC မှ

အုပ်စု(E)တွင် ကမ္ဘောဒီးယားကလပ် Savy Rieng အသင်းတို့ နောက်ဆုံးပွဲမတိုင်မီ နောက်တစ်ဆင့် တက်ရောက်ခွင့်ရထားခြင်းဖြစ်သည်။

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ပထမပွဲတွင် လာအိုကလပ် Young Elephant အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရထားသည်။ အုပ်စု ဒုတိယနေ့အပြီး အုပ်စု (A) တွင် လက်ဘနွန်ကလပ် Nejmeh အသင်းက ခြောက်မှတ်၊ အိန္ဒိယကလပ် အရှေ့ဘင်ဂေါအသင်းက လေးမှတ်၊ ဘူတန်ကလပ် ပါရိုအသင်းက တစ်မှတ်၊ ဘင်္ဂလားဒေ့ရှ်ကလပ် ဘာရှန်ဟာရာအသင်းက အမှတ်မရသေး။ အုပ်စု (B) တွင် တာဂျစ်ကစ္စတန်ကလပ် အာကာဒက်ရှ်အသင်းက ခြောက်မှတ်၊ ကာဂျစ္စတန်ကလပ် Abdysh-Ata Kant အသင်းနှင့် ကူဝိတ်ကလပ် အယ်လ်အာဘီအသင်းတို့က သုံးမှတ်စီ၊ မော်လ်ဒိုက်ကလပ် မာဇီယာအသင်းက အမှတ်မရသေး။ အုပ်စု (C) တွင် အိုမန်ကလပ် အယ်ဆီဘ်အသင်းက ခြောက်မှတ်၊ ပါလက်စတိုင်းကလက် ဟီလယ်အသင်းက နှစ်မှတ်၊ ဘာရိန်းကလပ် အယ်လ်အာလီနှင့် ဆီးရီးယားကလပ် အယ်လ်ဖိုတူဝါအသင်းတို့က တစ်မှတ်စီ၊ အုပ်စု (D) တွင် မြန်မာကလပ် ရှမ်းယူနိုက်တက်နှင့် တရုတ်တိုင်ပေကလပ် တိုင်နန်စီးတီးအသင်းတို့က တစ်ပွဲကစား သုံးမှတ်စီ၊ လာအိုကလပ် Young Elephant အသင်းက ပွဲကုန်နှစ်ပွဲကစား အမှတ်မရ၊ အုပ်စု (E) တွင် ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်းက တစ်ပွဲကစား သုံးမှတ်၊ အင်ဒိုနီးရှားကလပ် မာဒူရာအသင်းက တစ်ပွဲကစား တစ်မှတ်၊ မွန်ဂိုလီးယားကလပ် ဖယ်လ်ကွန်အသင်းက ပွဲကုန်နှစ်ပွဲကစား တစ်မှတ်ရရှိထားသည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် နိုဝင်ဘာ ၂ ရက်တွင် တရုတ်တိုင်ပေကလပ် တိုင်နန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းဆင်းပွဲများ ကျင်းပ




**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အခြေခံကွန်ပျူတာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၂၄)၊ အဆင့်မြင့်ရုံးသုံးကွန်ပျူတာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၄/၂၀၂၄) နှင့် Power Point ၊ Zoom Meeting နှင့် Video Conferencing အသုံးပြုနည်းသင်တန်း (၃ /၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားများကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ e – Government Training Center က ၂၀၂၂ ခုနှစ်မှ စတင်ပြီး ကွန်ပျူတာသင်တန်း စုစုပေါင်း ၅၉ ကြိမ် ဌာနဆိုင်ရာသင်တန်းသား ၁၆၀၁ ဦးကို သင်ကြားပေးနိုင်ခဲ့ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်ယူထားသည့်ပညာရပ်များဖြင့် နိုင်ငံတော်၏ e-Government စနစ်မှ Digital Government စနစ်သို့ ဆောင်ရွက်ရာ၌ ကြိုးစားဆောင်ရွက်ကြရန်နှင့် အဆင့်မြင့်သင်တန်းများကို ဆက်လက်တက်ရောက်ကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းကြီးကြပ်ဆရာ ဆရာမများအား အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးနှင့် စီးပွားရေးရာဝန်ကြီးတို့က သင်တန်းနည်းပြဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ကြသည်။

**သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်**

ဆက်လက်၍ သယံဇာတရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးတို့က သင်တန်းတွင် ဆုရရှိသူများအား ဆုများချီးမြှင့်၍ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် အတွင်းရေးမှူးတို့က သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

---



## လယ်ဝေးမြို့နယ်သမဝါယမအသင်းစု(လီမိတက်) နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သမဝါယမအသင်းစု(လီမိတက်)၏ ၂ ၀၂၂-၂၀၂၃ နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က လယ်ဝေးမြို့နယ် သမဝါယမအသင်းစု၌ ကျင်းပသည်။

အစည်းအဝေးတွင် လယ်ဝေးမြို့နယ်သမဝါယမအသင်းစု (လီမိတက်) ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ကာ အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှုဆောင် ဒါရိုက်တာအဖွဲ့ ငါးဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့ကို ရွေးချယ်တင်မြှောက်ခဲ့သည်။ ရွေးချယ်တင်မြှောက်ခံရသည့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ငါးဦးမှာ အချင်းချင်းတာဝန်ခွဲဝေသတ်မှတ်ခြင်း၊ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူခြင်းတို့ကို ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးနှင့်တာဝန်ရှိသူများ၊ နေပြည်တော် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် တိုင်းဒေသကြီးအဆင့်ဖွဲ့စည်းရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် အောင်ဇေရန်အောင်ဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား ဂါရဝပြုတွေ့ဆုံ၊ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

**မြစ်ကြီးနား အောက်တိုဘာ ၃၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အောင်ဇေရန်အောင်ဘိုးဘွားရိပ်သာ၌ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းက ကြီးမှူးကျင်းပသည့် သက်ကြီးဘိုးဘွားများအား ဂါရဝပြုတွေ့ဆုံပွဲနှင့် သက်ကြီးဘိုးဘွားများအတွက် မွေးနေ့အစီအစဉ်နှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက အဆိုပါဘိုးဘွားရိပ်သာ၌ ကျင်းပသည်။



**အသိပညာပေးမှုမြှင့်တင်**

ဦးစွာ အောင်ဇေရန်အောင်ကျောင်းတိုက် ဘိုးဘွားရိပ်သာနာယကဆရာတော် ဦးဥတ္တမသီရိက ဩဝါဒစကားမြွက်ကြားပြီး ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က သက်ကြီးရွယ်အိုများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် ၎င်းတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရာတွင် လူမှုရေးအသိဖြင့် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ သက်ကြီးရွယ်အိုများအား ကူညီခြင်း၊ ပြုစုစောင့်ရှောက်ခြင်းနှင့် လေးစားခြင်းတည်းဟူသော လူမှုတန်ဖိုးထားမှုများကို ကျောင်းများအပါအဝင် အများပြည်သူတို့အား အသိပညာပေးမှုကိုလည်း မြှင့်တင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘိုးဘွားရိပ်သာအတွင်းရှိ သက်ကြီးဘိုးဘွားများအတွက် ထောက်ပံ့ငွေကျပ် ၁၁ သိန်းနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နန်ဆိုင်းက ထောက်ပံ့ငွေကျပ် ၁၁ သိန်းကို ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့ကြကာ ဘိုးဘွားရိပ်သာမှ အသက် ၉၀ ကျော်ရှိ အဘွားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သက်ကြီး ဘိုးဘွားများအတွက် အမှတ်တရလက်ဆောင်များနှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြပြီး အောက်တိုဘာလအတွင်း မွေးနေ့ကျရောက်သည့် သက်ကြီးဘိုးဘွား ခုနစ်ဦးတို့အား မွေးနေ့ပွဲ ကျင်းပပေးခြင်းတို့ကို ဘိုးဘွားများနှင့်အတူ တပျော်တပါး စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

---

# တိုက်ကြီးမြို့နယ်၌ “မရှိ၍မလင်းသူမရှိစေရ” ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

**တိုက်ကြီး အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် “မရှိ၍မလင်းသူမရှိစေရ” ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုက်ကြီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းက “မရှိ၍မလင်းသူ မရှိစေရ” အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမင်းသိန်းက ဆီးချိုရောဂါဝေဒနာရှင်များ မျက်စိရောဂါကုသမှုခံယူရာတွင် လိုက်နာရမည့်အချက်များကို အသိပညာပေး ဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းတင်စန်းရှိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်မာအေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။



မြင့်ဦး

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် တက်ရောက်



**ထားဝယ် အောက်တိုဘာ ၃၁**

တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ယနေ့နံနက် ၈ နာရီတွင် ထားဝယ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးလူမှုရေးရာ ဝန်ကြီး ဦးသက်နိုင်၊ တိုင်းဒေသကြီးအတွင်းရေးမှူး ဦးခင်မောင်ချိုနှင့် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးဝင်းနောင်တို့က ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်မှတ်တမ်းဓာတ်ပုံများ၊ စကားရည်လုပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျပန်း စကားပြောပြိုင်ပွဲများ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ အလယ်တန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲအနေဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မြန်မာသတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ အားကစားအနေဖြင့် ခါးကွင်းလှည့် ကစားနည်း၊ ခွက်နင်းကစားနည်းများ၊ စာအုပ်များ ခင်းကျင်းပြသထားမှုနှင့် ကျောင်းစာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၆ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် (၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ပန်းဘဲတန်းမြို့နယ် စာရေးဆရာ အသင်းဥက္ကဋ္ဌ ဒေါက်တာ စိုးမြင့်အောင်(ဝါးခယ်မ) လှူဒါန်းသည့် အလှူငွေကျပ်တစ်သိန်းကို အလှူရှင်ကိုယ်စား ဦးတင်ဝင်း(တင်ဝင်း-အား/ကာ)က ပေးအပ်လှူဒါန်းရာ အသင်းအတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) လက်ခံရယူစဉ်။ သတင်းစဉ်

# ကလိန်အောင်မြို့၌ စာအုပ်စာစောင်များ ကွင်းဆင်းငှားရမ်း

**ကလိန်အောင် အောက်တိုဘာ ၃၁**

တနင်္သာရီတိုင်း ဒေသကြီး ကလိန်အောင်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာပေဝါသနာရှင်များအနေဖြင့် စာအုပ်စာပေများကိုလွယ်လင့်တကူဖတ်ရှုနိုင်စေရန်အတွက် အခြေခံပညာအထက်တန်းကျောင်းသို့ Mobile စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သုတ/ရသ စာအုပ်များ၊ ရုပ်ပြပုံပြင်စာအုပ်များ၊ မဂ္ဂဇင်းစာအုပ်များ၊ ကာတွန်းစာအုပ်များ၊ ဂျာနယ်များစသည့် ကလေးများ အသိပညာ၊ ဗဟုသုတရရှိစေမည့်စာအုပ်စာစောင်များကို ခင်းကျင်းပြသကာ လေ့လာဖတ်ရှုခြင်း၊ ငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး Mobile စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို တစ်လနှစ်ကြိမ် လာရောက်ငှားရမ်းပေးမည်ဖြစ်ပြီး စာကြည့်တိုက်အသင်းတိုးပွားရေးအတွက် အသင်းဝင်ကတ်ပြားများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခင်ခင်လွဲ့(ကလိန်အောင်)**

# မြဝတီခရိုင်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲ ကျင်းပ

မြဝတီ အောက်တိုဘာ ၃၁

ကရင်ပြည်နယ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

## ကြည့်ရှုအားပေး

အဆိုပါဘာသာရပ်အလိုက် စွမ်းရည်ပြိုင်ပွဲများ ကျင်းပနေမှုကို မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်ပညာရေးမှူး ဦးမိုးကျော်တို့က ကျောင်းသား ကျောင်းသူများ၏ ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**



# မြစ်ကြီးနားမြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၃၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပေါ်ရှိသံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆုတောင်းပြည့်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကံပြောင်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၃၅ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အရှေ့ကျောင်းတိုက် ဘုန်းတော်ကြီးကျောင်း၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဝါးခယ်မမြို့နယ်၌ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

**ဝါးခယ်မ အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းကို မြို့မဈေးကြီးတွင် ယနေ့မွန်းလွဲ ၃ နာရီခွဲက ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတိုးနိုင်ဦးက မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးလှိုင်ဝင်းဟန်၊ မီးသတ်ဦးစီးမှူး ဦးတိုးနိုင်ဦးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနေဖြိုးလင်းတို့က ဈေးဆိုင်ခန်းများတွင် မီးဘေးလုံခြုံမှုရှိစေရေးအတွက် မီးသတ်ဆေးဘူးထားရှိမှုများ၊ လျှပ်စစ်မီးကြိုးသွယ်တန်းထားမှုများ၊ အရေးပေါ်ရေစုပ်စက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**ဟိန်းထက်လင်း(ပြန်/ဆက်)**

✪ ကျောဖုံးမှ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ထုံးကျောက်တောင်များတွင် ကျက်စားသည့် ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များနှင့် ယင်းတို့၏ ထုံးကျောက်တောင် ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ရန်၊ သိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများကို အထောက်အကူပြုစေရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်နှင့် ပန်းလောင်နှင့် ဇော်ဂျီမြစ်တို့၏ ရေဝေရေလဲ သစ်တောများကို ထိန်းသိမ်းရန် ရည်ရွယ်၍ ရေထွက်ကျောက်ခေါင်း(လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေကို သတ်မှတ်ခြင်းဖြစ်ပါသည်။



ရေထွက်ကျောက်ခေါင်း(လင်းဝေး)ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၇၀၀ ကျော်တွင် တည်ရှိကာ မြေပြန့်လွင်ပြင်နည်းပါး၍ တောင်ကုန်း၊ တောင်စွယ်များ၏ သဘာဝအလှများဖြင့် တင့်တယ်လှပါသည်။ ရေထွက်ဂူတည်ရှိရာ ထုံးကျောက်လိုဏ်ဂူတောင်တန်းသည် အနောက်မှ အရှေ့သို့ သွယ်တန်းနေပြီး အရှေ့မှတောင်ဘက်စူးစူးသို့ ငါးမျှားချိတ်သဏ္ဌာန် တည်ရှိနေပါသည်။ ထုံးကျောက်တောင်၏ ဝန်းကျင်ရှိ ဧက ၂၀ ခန့် ကျယ်ဝန်းသည့် ဒေသအခေါ် နဂါးအင်းကောရေဝပ်ဧရိယာသည် ဇွန်လမှ အောက်တိုဘာလအထိ ငါးလတာကာလအတွင်း ပြာလဲ့လဲ့ရေပြင်ဖုံးလွှမ်းနေပြီး အင်းရေကျချိန်တွင် ဒေသခံတောင်သူများ စိုက်ပျိုးသည့် ကိုင်းသီးနှံခင်းများ၏ စိမ်းလဲ့လဲ့အရောင်သို့ ပြောင်းလဲတွေ့မြင်ရပါသည်။

ရေထွက်ကျောက်ခေါင်းတွင် ဂူနှစ်ခုကို တွေ့ရှိရပြီး ဂူအမှတ်(၁)၏ အဝင် ဂူမျက်နှာဝသည် ၃၆ ပေကျယ်ဝန်းပြီး ၄၈ ပေ အမြင့်ရှိကာ ရေငုပ်၍ဝင်ရောက်ပါက အတွင်းသို့ ပေ ၂၆၅၀ အထိသာ ဝင်ရောက်နိုင်စွမ်းရှိကြောင်း သိရပါသည်။ ဂူအမှတ်(၂)၏ အဝင်ဂူမျက်နှာဝအကျယ်သည် ၃၅ ပေကျယ်ဝန်းပြီး ၁၀ ပေ အမြင့်ရှိကာ အတွင်းပိုင်းသို့ ပေ ၂၀၀ ခန့်အထိသာ ဝင်ရောက်နိုင်ကြောင်း သိရသည်။ ဂူ၏အရှေ့ဘက်တွင်လည်း တောင်ပေါ်မြက်ခင်းတောကို တွေ့မြင်နိုင်သည်။ ယမနေ၊ ထောက်ကြံ့၊ သင်းဝင်ဖို၊ သပြေကြို့၊ သံသော၊ ဇောင်းပလွေး၊ သတီ အပါအဝင် ဒေသသစ်မျိုး ၄၇ မျိုး၊ တပင်တိုင်မြနန်း၊ တပင်ရွှေထီး၊ ဥပတကာနွယ်၊ ဆင်တုံးမနွယ် စသည့် ပရဆေးပင်ခုနစ်မျိုး၊ ဝါးပိုးဝါး၊ မျှင်ဝါးနှင့် သိုက်ဝါး စသည့် ဝါးသုံးမျိုး ပေါက်ရောက်လျက်ရှိသည့် အထက်ပြတ်ရောနှောတောနှင့် တောင်ပေါ်အမြဲစိမ်းတောတို့ကို တွေ့ရှိရပါသည်။

ရေထွက်ကျောက်ခေါင်း(လင်းဝေး) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ သတ်မှတ်ခြင်းအားဖြင့် ယင်းဒေသတွင် ကျက်စားနေထိုင်သည့် ချေ၊ ကြောင်မြင်း၊ ကြောင်ဝံပိုက်၊ ကြောင်နံ့သာ၊ မျောက်လေပွေ၊ ခွေးတူဝက်တူ၊ ခွေးအ၊ ဖျံခြေသည်းငယ်၊ ဖြူမြီးဖွာ၊ ဝါးဘိုးကြွက်နှင့် လင်းနို့မျိုးစိတ်များ အပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ် ၂၄ မျိုး၊ ဒေါင်းစိမ်း၊ ငှူ၊ ဖိုးခေါင်ငှက်၊ ကြက်တူရွေး၊ ဗွတ်ကလုံ၊ အောက်ချင်းငှက်၊ ဝါးယောင်းငှက်၊ လင်းယုန်၊ ချိုး၊ ချိုးသိမ်း၊ ငှက်ရွှေဝါ၊ ရစ်ငှက်စသည့် ငှက်မျိုးစိတ် ၄၆ မျိုးအပြင် ဆောင်းခိုငှက်များ၊ လိပ်ဝါနှင့် အထူးသဖြင့် မြန်မာ့ဒေသရင်းမျိုးစိတ်ဖြစ်သည့် လင်းဝေးဒေသ၏ ထုံးကျောက်တောင် တောက်တဲ့(*Cyrtodactylus Linnwayensis*)မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ သိပ္ပံပညာရပ်များအတွက် တန်ဖိုးမဖြတ်နိုင်သည့် သုတေသနအခွင့်အလမ်းများစွာကို ထောက်ပံ့ပေးနိုင်ခြင်း၊ ရေထွက်ထုံးကျောက်ဂူများ၏ ဂေဟစနစ်များနှင့် ထူးခြားသည့် သဘာဝအနေအထားများကို အခြေပြု၍ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ခြင်း၊ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

# "ပျော်စရာ ဘုံကထိန်"တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၃၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ နိုဝင်ဘာ ၁ ရက်(သောကြာနေ့) ည ၉ နာရီခန့်တွင် "ပျော်စရာ ဘုံကထိန်"တေးဂီတ ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD Channel မှ တိုက်ရိုက်(Live)ထုတ်လွှင့် ပြသမည်ဖြစ်သည်။




အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ရဲထိုက်၊ ထက်မြက်စိုး၊ ဝိုင်းလမင်းအောင်၊ မင်းသားလေး၊ စိမ့်နေခြည်၊ ကြူကြူခိုင်၊ အိအိလှိုင်၊ ထွန်းပပအောင်၊ နန်းစန္ဒီနှင့် မေထူးကျော်တို့က တန်ဆောင်တိုင်ကာလ အခါသမယနှင့် သင့်လျော်မည့် တေးသီချင်းကောင်းများ ဖြစ်ကြသည့် တို့ရွာထဲက ဘုံကထိန်ပွဲ၊ သာစွတန်ဆောင်တိုင်၊လမြတ်တန်ဆောင်၊ တန်ဆောင်တိုင်ပွဲတော်ည စသည့် ပျော်ရွှင်ကြည်နူးဖွယ်၊ သာယာချမ်းမြေ့ဖွယ်ရာ တေးသံသာများဖြင့် ရွေးချယ်တင်ဆက်ကြမည် ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် နိုဝင်ဘာ ၃ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# "ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၃၁**

"ချစ်စရာ့အရွယ်ကစားကြမယ်" ကလေးအစီအစဉ်ကို MRTV HD Channel မှအပတ်စဉ်စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ နိုဝင်ဘာ ၂ ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၂) မူလတန်းကြိုကျောင်းနှင့် အမှတ်(၄) မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက် လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် နိုဝင်ဘာ ၄ ရက်(တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂-၁၁-၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၆)၊ အမှတ်(၄၄)တွင် ပစ္စည်းတစ်မျိုးမျိုးကို ဝယ်ယူရာ၌ အရောင်အဆင်းထက် ပစ္စည်း၏ အရည်အသွေးကို ပိုမိုဦးစားပေးကာ ဝယ်ယူသင့်ကြောင်း သရုပ်ဖော်ထားသည့် "ကျေးဇူးပါမေမေ" မျက်နှာဖုံးကာတွန်း၊ ခန္ဓာကိုယ်၏ အဓိကကျောရိုးတိုင်ကြီး၏ ခါးရိုးဆစ်များ နာကျင်ထိခိုက်မှုမဖြစ်စေရန် လိုက်နာကျင့်သုံးနိုင်စေမည့် အကြောင်းအရာများကို ရေးသားထားသည့် "လှုပ်ရှားတိုင်းတွင်သတိယှဉ်" သုတဆောင်းပါးကဏ္ဍ၊ အလုပ်တစ်ခုကို လုပ်ဆောင်ရာ၌ အချိန်မီပြီးစီးအောင် ဆောင်ရွက်တတ်စေရန် သရုပ်ဖော်ထားသည့် "အိမ့်နှစ်" နှစ်မျက်နှာကာတွန်း၊ နေ့စဉ် ခရေပန်းကောက်ကာ ရောင်းရသည့်ပိုက်ဆံများကို စုဆောင်းထားခြင်းဖြင့် စက်ဘီးတစ်စီးဝယ်နိုင်သည်အထိ စုမိခဲ့သော မေနှင်းပွင့်တို့မောင်နှမနှစ်ယောက်အကြောင်းကို ရေးသားထားသည့် "ပန်းစုဘူးလေး" ဝတ္ထု၊ သူ၏ မေမေက ပန်းသီးသုံးလုံးဝယ်ခိုင်းသည်ကို ကောင်းမကောင်း တစ်လုံးလုံးကုန်သည်အထိ စမ်းစားပစ်သည့် ထူးထူးအကြောင်းကို သရုပ်ဖော်ထားသည့် "ထူးထူးပါဝင်သော ချိုသားပဲ"တစ်မျက်နှာကာတွန်း၊ သာခါသမင်ဗိုလ်ကြီး၏ ခေါင်းဆောင်ကောင်းပီသမှုကြောင့် သမင်များအားလုံး အသက်ဘေးမှ ကင်းလွတ်ခဲ့ရပုံအကြောင်းကို ရေးဖွဲ့ထားသည့် "မိတ်ဆွေကောင်းဟူသည်"ပုံပြင်ကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ"ကဏ္ဍ၊ စက္ကူအိမ်လေးကို ကိုက်ဖြတ်ဖျက်ဆီးမည့်ကြွက်လေးကိုမောင်းထုတ်ခြင်းမပြုဘဲ မိမိ၏ပညာဖြင့် ထွက်သွားစေသည့် အဘိုးအိုအကြောင်းကို သရုပ်ဖော်ထားသည့် "စကားထာ" နှစ်မျက်နှာကာတွန်း၊ စိတ်ကောင်းစေတနာရှိသူနှင့် စိတ်ထားယုတ်ညံ့သူတို့အကြား အကျိုးပေးကွာခြားပုံကို နှိုင်းယှဉ်သရုပ်ဖော်ထားသည့် "အလိုလောဘ" နှစ်မျက်နှာကာတွန်း၊အဆောက်အအုံတွင် ပိုးမွှားများသေစေအောင် မှိုင်းတိုက်မည့် အကြောင်းကြားစာနှင့် ပတ်သက်၍ တိုက်ခန်းတွင်နေထိုင်သူနှင့် တာဝန်ယူလုပ်ဆောင်ပေးမည့်သူတို့အကြား အပြန်အလှန်ပြောဆိုဆွေးနွေးမှုများကို ရေးသားထားသည့် "ရွှေသွေးစကားဝိုင်း"ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍအပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းများ

## တက္ကသိုလ်သျှင်ရတနာ

### စကောကရင်စကားထာ

ရှေးလွန်လေပြီးသောအခါက ဗညားနှင့် လဂွန်းအိမ်ဟူသည့် သူငယ်ချင်းနှစ်ယောက်သည် ရာမညတိုင်းဒေသအတွင်းရှိ ကျေးလက်တောရွာတစ်ရွာတွင် နေထိုင်ကြသည်။ သူတို့သည် ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ် ကျောင်းစားဖြင့် ပညာသင်ယူလျက်ရှိသည်။ ရွာဦးကျောင်းဆရာတော်ကြီးသည် မွန်တိုင်းရင်းသား ဆရာတော်ကြီးဖြစ်ပြီး စာပေကျမ်းဂန်များကို ကျွမ်းကျင်နှံ့စပ်သည့် ဆရာတော်ကြီးအဖြစ်ထင်ရှားသည်။

ဗညားနှင့် လဂွန်းအိမ်တို့သည် အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်း၏တောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားလေ့ရှိသည်။

> **“နေလှန်းသော်လည်း မသွေ့နိုင်တဲ့ဖျာဆိုတာ ဘာလဲ၊ ဖြေကြည့်ပါဦး ဗညားတစ်ယောက် လဂွန်းအိမ်၏ ဉာဏ်စမ်းအမေးကို နှစ်ခေါက် သုံးခေါက် တီးတိုးရွတ်ဆိုလိုက်သည်။ ရွတ်ဆိုကြည့်နေသော်လည်း အဖြေကားချက်ချင်း မထွက်နိုင်ဖြစ်နေသည်။ ခဏနော် သူငယ်ချင်း၊ စဉ်းစားနေလို့၊ အဖြေက ‘လျှာ’ ကိုပြောတာပါ။ စကောကရင်တိုင်းရင်းသား ရိုးရာစကားထာဉာဏ်စမ်းတွေထဲကပေါ့”**

“ဗညားရေ ဉာဏ်စမ်းကြဖို့ အချိန်ကျပြီနော်”

“အချိန်ကျရင်လည်း စမ်းကြတာပေါ့ကွာ”

လဂွန်းအိမ်၏ စကားကို ဗညားက ပြန်ပြောလိုက်ခြင်းဖြစ်သည်။

“ကဲ- စမ်းပြီ ဗညားရေ။ ‘နေလှန်းသော်လည်း မသွေ့နိုင်တဲ့ဖျာ’ ဆိုတာ ဘာလဲ၊ ဖြေကြည့်ပါဦး” ဗညားတစ်ယောက် လဂွန်းအိမ်၏ ဉာဏ်စမ်းအမေးကို နှစ်ခေါက် သုံးခေါက် တီးတိုးရွတ်ဆိုလိုက်သည်။ ရွတ်ဆိုကြည့်နေသော်လည်း အဖြေကားချက်ချင်းမထွက်နိုင်ဖြစ်နေသည်။

“ခဏနော် သူငယ်ချင်း၊ စဉ်းစားနေလို့”

“ရပါတယ်ကွာ။ စဉ်းစားပါ၊ အချိန်တော့ သိပ်မဆွဲနဲ့ စဉ်းစားမရရင်လည်း ဘာမှအားနာမနေနဲ့ ပန်းပေးလိုက်ပေါ့၊ အဖြေက ရှိပြီးသား၊ ဟား ဟား ဟား”

လဂွန်းအိမ်က ဗညားကိုမထိတထိ လှမ်းပြောလိုက်ပြီး သဘောတကျ ရယ်မောနေသည်။

“ဗျူး… တော်ပါသေးရဲ့ လဂွန်းအိမ်ရာ။ ခုမှ စဉ်းစားလို့ရတယ်။ အဖြေရပါပြီ။ အဖြေက ‘လျှာ’ ကိုပြောတာပါ။ စကောကရင်တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းတွေထဲကပေါ့”

“ဟုတ်ပါ့ကွာ ဟုတ်ပါ့။ တော်လိုက်တာ သူငယ်ချင်းရာ”

“ဒါဆိုရင်တော့ ငါမေးရမယ့် အလှည့်ပေါ့”

“မေးပါသူငယ်ချင်း မေးပါ”

ဗညားက မေးမည့် စကားထာဉာဏ်စမ်းကို တီးတိုးရေရွတ်ရင်း မန်ကျည်းပင်ကြီးကို ကျောမှီလိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်းမေးလေသည်။

“လဂွန်းအိမ်ရေ မေးချင်တာကတော့ ‘မိဖုရားက လုံချည်တဝတ်ဝတ်’ ဆိုတာပဲ၊ ဖြေကြည့်ပါဦး”

“ဟာ သူငယ်ချင်းရဲ့မေးခွန်းက အဆန်းကြီးပါလား”

“မဆန်းပါဘူး ဦးလေးရာ အဖြေက လွယ်ပါတယ်။ စဉ်းစားမရရင်တော့ ပန်းပေးပေါ့”

လဂွန်းအိမ်ကို ဗညားက ခနဲ့သည့်လေသံဖြင့် ပြန်ပြောလိုက်ခြင်းဖြစ်သည်။

“ကြိုးစားပြီး ဖြေရမှာပေါ့ ဗညားရာ။ မေးထားတာကဘာတဲ့ ‘မိဖုရားက လုံချည်တဝတ်ဝတ်’လို့မေးထားတာဆိုတော့ အဖြေက ‘လက်သဲ’နဲ့တူတယ်။ လက်သဲပေါ့ကွာ။ စကောကရင်တိုင်းရင်းသားရိုးရာစကားထာ ဉာဏ်စမ်းတွေထဲကပါပဲ”

လဂွန်းအိမ်၏ အဖြေကြောင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောလာသည်။

“မှန်ပါတယ် သူငယ်ချင်း။ ငါမေးရမယ့်အလှည့်ပြန်ရောက်လာလို့ မေးဦးမယ်။ မေးခွန်းက ‘ညီအစ်ကိုနှစ်ယောက်က တစ်ယောက်ကို တစ်ယောက် မမြင်ကြဘူး’ အဲဒါဘာလဲ”

“ဗညားကလည်းကွာ မင်းမေးခွန်းက ရှင်းနေပြီးသားပဲဟာကို၊ ‘ညီအစ်ကိုနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မမြင်ကြဘူး’ ဆိုတော့ သူတို့နှစ်ယောက်ရဲ့ကြားမှာ တစ်ခုခုကွယ်နေတာလား။ ဒါမှမဟုတ် မျက်စိ မမြင်ကြလို့လား၊ ဒါမှမဟုတ် တစ်နေရာစီဖြစ်နေကြလို့များလား စဉ်းစားစရာဖြစ်နေတာပေါ့။ အဖြေမှန်ကတော့ အနီးလေးမှာပါဗျား”

လဂွန်းအိမ်က ဗညားကို နောက်ပြောင်ကျီစယ်လိုက်ပြီး ဖြည်းဖြည်းချင်းဖြေလိုက်သည်။

“ရပါတယ်ကွာ။ တစ်ခါတည်းပဲ ဖြေလိုက်မယ်၊ အဖြေက ‘မျက်စိနှစ်လုံး’ပေါ့။ စကောကရင်တိုင်းရင်းသားရိုးရာစကားထာထဲကပါပဲ”

ဗညားတစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ လဂွန်းအိမ်ကအဖြေကို တိကျသေချာစွာ ဖြေကြားလိုက်ခြင်းကြောင့်ဖြစ်သည်။

ထိုအချိန်တွင် နာရီမောင်းလေးချက်တီးသည့်အသံက ဘုန်းကြီးကျောင်းမှ ထွက်ပေါ်လာရာ ညနေပိုင်း ရေချိုးရန် အချက်ပေးသံဖြစ်သဖြင့် ဗညားနှင့် လဂွန်းအိမ်တို့နှစ်ဦး ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတစ်ပိုင်းဖြင့် တက်သွားကြလေတော့သည်။ ။

# ဆလုံတိုင်းရင်းသားလူမှုဘဝ

## မနုဿဝင်းမော်

### ကလေးဘဝရှင်သန်ဖြတ်သန်းမှု

ဆလုံတိုင်းရင်းသားတို့၏ လူမှုဘဝသည် ပင်လယ်ပြင်ကိုအခြေခံလျက်ရှိသည်။ ရှေးယခင်ကာလများတွင် ဆလုံတိုင်းရင်းသားတို့သည် ပင်လယ်ပြင်ကိုအခြေပြု၍ သွားလာနေထိုင်ကြသူများဖြစ်သည်။ ယခုနောက်ပိုင်းတွင် ကျွန်းများနှင့် ပင်လယ်ကမ်းစပ်တို့တွင် တဲအိမ်များ၊ သွပ်မိုးပျဉ်ကာအိမ်များအထိ ဆောက်လုပ်နေထိုင်လာကြသည်။

ဆလုံအမျိုးသမီးတို့သည် ယခင်က ကလေးမွေးဖွားပြီး ခုနစ်ရက်အတွင်းမှာပင် ပင်လယ်ထဲဆင်းကာ အလုပ်လုပ်ကြသည်။ ကလေးကို လှေထဲတွင် ကျန်ရစ်သည့် အဘိုးအဘွားများက ကြည့်ရှုစောင့်ရှောက်ကြရသည်။ ကျွန်းများပေါ်တွင်လည်း အိမ်၌နေစဉ် ကလေးကိုကြည့်ရှုပေးမည့် အဘိုးအဘွားများမရှိပါက အိမ်နီးချင်းများက ကူညီစောင့်ရှောက်ပေးကြသည်။

မိခင်ဖြစ်သူက ကလေးကိုကျောပိုး၍ ဝမ်းရေးအတွက် အလုပ်လုပ်ကြရသည်မှာလည်း ဆလုံတို့၏ ဓလေ့တစ်ခုပင်ဖြစ်သည်။ ကလေးကိုကျောပိုးကာ လုပ်ငန်းခွင်သို့ခေါ်ဆောင်ရာတွင် ကလေး၏ သုံးလသား အရွယ်ကတည်းကပင်ဖြစ်သည်။ ကလေးကို ကျောပိုး၍ ခရင်းခွာသည့်နေရာများ၊ ပင်လယ်ပက်ကျိ ဖမ်းသည့်နေရာများသို့ ခေါ်ဆောင်သွားလေ့ရှိကြောင်း ဆလုံတိုင်းရင်းသားလူမှုဘဝ သမိုင်းမှတ်တမ်းများအရ သိရသည်။ ကလေးတို့ကို အလုပ်လုပ်သည့်နေရာတိုင်းသို့ ခေါ်ဆောင်သွားလေ့ရှိခြင်းကြောင့် ကလေးများသည် ငယ်စဉ်ကတည်းကပင် ခရင်းခွာခြင်း၊ ကဏန်းဖမ်းခြင်းတို့ကို မျက်မြင်လက်တွေ့မြင်ဖူး သိရှိနေကြပြီဖြစ်ပေသည်။



ပင်လယ်ကမ်းစပ်၌ ဆလုံကလေးများဆော့ကစားနေကြစဉ်။

ဆလုံတိုင်းရင်းသားတို့သည် ကလေးငယ် စကားပြောတတ်စအချိန်တွင် ဆလုံဘာသာဖြင့် အဖေ၊အမေ၊ အဘိုး၊ အဘွား၊ အစ်ကို၊ အစ်မ စသည့် အခေါ်အဝေါ်များကို ဦးစွာသင်ကြားပေးလေ့ရှိသည်။ ကလေးများ အသက် လေးနှစ်၊ ငါးနှစ်အရွယ်ခန့်တွင် ခရင်းခွာသည့်နောက်သို့ လိုက်ပါ၍ ခရင်းခွာသည့် အလုပ်ကို လုပ်ကိုင်နေကြပြီဖြစ်သည်။ ဆလုံတိုင်းရင်းသားကလေးများသည် ရေငုပ်ခြင်း၊ ခရင်းခွာခြင်း၊ ကဏန်းဖမ်းခြင်းတို့ကို သီးခြားသင်ပေးစရာမလိုအောင်ပင် ငယ်စဉ်ကတည်းက ထိတွေ့မှုရှိကာ တတ်မြောက်ကြပြီးဖြစ်ပေသည်။ တစ်ခါတစ်ရံ မိဘများနှင့်အတူ တောထဲရှိ ထင်းရှာဖွေရာနေရာများသို့လည်း ကလေးများလိုက်ပါသွားတတ်ကြသည်။

ပင်လယ်ကမ်းစပ်၌ ညနေခင်းအချိန်များတွင် ဆလုံကလေးများမှာ လှေလှော်ပြီးကစားကြလေ့ရှိကြသည်။ စက္ကူလှေများ၊ ဖော့တုံးများကို လှေပုံသဏ္ဌာန်ပြုလုပ်၍ ရေထဲလွှတ်ကာ ကစားကြကြောင်း သိရသည်။

ထုံးရည်ကိုသောက်လျှင် ရေထဲ၌ ကြာကြာငုပ်နိုင်သည်ဟု ဆလုံတိုင်းရင်းသားတို့က ယုံကြည်ကြသည်။ မိန်းကလေးများက မိခင်ထမင်းချက်သည်ကို အတုယူကာ မီးဖိုပြီး ထုံးကိုဇွန်းထဲထည့်ဖျော်၍ မီးဖိုပေါ်တင်ကျိုချက်ကာ ပွက်ပွက်ဆူလာလျှင် တစ်ယောက်တစ်လှည့်သောက်တမ်းလည်း ကစားကြသည်။

ဆလုံတိုင်းရင်းသား ကလေးများ၏ဘဝသည် လွတ်လပ်ပျော်ရွှင်မှုများရှိသော်လည်း အရွယ်နှင့်မလိုက်အောင် မိဘကိုကူညီလုပ်ကိုင်ရင်း မိသားစုဘဝတွင် နေထိုင်ကြရသည်။ ယောကျ်ားလေးအလုပ်၊ မိန်းကလေးအလုပ်ဟူ၍ ခွဲခြားထားမှုမရှိပေ။ ထင်းရှာသည့်အခါတွင်ဖြစ်စေ၊ ရေခပ်သည့်အခါတွင်ဖြစ်စေ မိဘများနှင့်အတူ ကူညီလုပ်ကိုင်ကြသည်။

ယခုနောက်ပိုင်းတွင် တလွန်းရွာ၌ မူလတန်းကျောင်းဖွင့်လှစ်ထားပြီဖြစ်ရာ ကျောင်းဆင်းချိန်ရောက်မှသာ မိဘအလုပ်ကို ကူညီလုပ်ကိုင်ကြသည်။ ဝမ်းရေးအတွက် ဆလုံတိုင်းရင်းသား မိသားစုဝင်အားလုံးမှာ အလုပ်လုပ်ကြရသူများပင်ဖြစ်သည်။

ယခုလက်ရှိကာလများတွင် ဒေသတွင်း တိုးတက်ဖွံ့ဖြိုးစည်ပင်လာပြီဖြစ်သဖြင့် ဆလုံတိုင်းရင်းသားတို့၏ ကလေးဘဝ ရှင်သန်ဖြတ်သန်းမှုများ၊ ကလေးပြုစုစောင့်ရှောက်မှုများ၊ ပညာသင်ကြားမှုများလည်း တိုးတက်လာပြီဖြစ်ပေတော့သည်။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန အလုပ်လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာစာအမှတ်(၁/၂၀၂၄)

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ကျပ် ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူး(၂၀)နေရာအတွက် လျှောက်ထားနိုင်ပါသည်။ (လျှောက်လွှာပုံစံကို နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် Facebook Page တို့တွင် ရယူနိုင်ပါသည်။)

၂။ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာပုံစံနှင့်အတူ လိုအပ်သည့်စာရွက်စာတမ်းများ ပူးတွဲ၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်သို့ ကြော်ငြာသည့်နေ့မှစ၍ ၁၃-၁၂-၂၀၂၄ ရက်(သောကြာနေ့) နောက်ဆုံးထားပြီး လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ ရုံးချိန်အတွင်း လာရောက်လျှောက်လွှာတင်သွင်းနိုင်သည်။ Online မှ လျှောက်ထားလိုပါက https://forms.gle/xg7ndzkNzh4FhwgM6 တွင် ဖြည့်သွင်း၍ လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့(အထူးပြုဘာသာရပ်များ)/ ဥပဒေဘွဲ့/ နိုင်ငံခြားဘာသာဘွဲ့များ/ စီးပွားရေးဘွဲ့များ/ ကွန်ပျူတာဘွဲ့များ။
- (ဂ) အိမ်ထောင်မရှိသူ အမျိုးသား၊ အမျိုးသမီး ဖြစ်ရမည်။
- (ဃ) ရိုးရိုးဘွဲ့ရဖြစ်ပါက ၁၃-၁၂-၂၀၂၄ ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်လွန်စေရ။
- (င) နိုင်ငံ့ဝန်ထမ်း(အမြဲတမ်းခန့်ဝန်ထမ်း) (သို့မဟုတ်) မဟာဘွဲ့ရရှိပြီးဖြစ်ပါက ၁၃-၁၂-၂၀၂၄ ရက်တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်စေရ။
- (စ) အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဟု ကတိခံဝန်ချက်ရေးထိုးရမည် ဖြစ်ပြီး ပျက်ကွက်ပါက လျော်ကြေးငွေကျပ်(၂၀)သိန်း(ကျပ်နှစ်ဆယ်သိန်းတိတိ)ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။
- (ဆ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာ မိတ္တူ၊ အခြားတတ်ကျွမ်းသော ဘာသာရပ် (ဘာသာစကား/ကွန်ပျူတာ) အောင်လက်မှတ်များ(ရှိလျှင်)။
- (ဇ) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးကြောင်း မှတ်တမ်း(မူရင်း၊ မိတ္တူ)။
- (ဈ) (၁)လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကျေးရွာ/ရပ်ကွက်ထောက်ခံစာနှင့် ပြစ်မှုကင်းရှင်းကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ(မူရင်း၊ မိတ္တူ)။
- (ည) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မူရင်း၊ မိတ္တူ)။
- (ဋ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း၊ မိတ္တူ)။
- (ဌ) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ။
- (ဍ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၄။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ စုစုပေါင်း(၃)နာရီ မေးခွန်းဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်း ပြုလုပ်သွားမည်ဖြစ်ပါသည်။ **ရေးဖြေစာမေးပွဲ ဖြေဆိုမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်တို့အား နိုင်ငံခြားရေးဝန်ကြီးဌာန website နှင့် Facebook Page တို့တွင် အသိပေးဖော်ပြသွားမည်** ဖြစ်ပါသည်။

၅။ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင် ကတ်ပြားစသည်တို့ကို မူရင်းတင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက **နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၁၂၃၃၄** သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉/သုဝဏ္ဏ(ရွှေဝါဆန်မြေ)၊ မြေကွက်အမှတ်(၁၈)၊ မြေကွက်တည်နေရာ-အမှတ်(၁၈)၊ ငုဝါလမ်း၊ ၂၉/သုဝဏ္ဏရွှေဝါဆန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးအစန်ပီချဲ[၁၂/မဂတ(နိုင်)၀၄၉၅၄၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအစန်ပီချဲ(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ဟဝါဘီဘီ [၁၂/မဂတ(နိုင်)၀၇၃၂၃၆]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကတိသစ္စာပြုလွှာ (၆/၇၀၂/၂၀၂၄) (၁၄-၆-၂၀၂၄)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မောင်မင်းမင်းစိုး(ဘ)ဦးသာချို[၇/ကဝန(နိုင်)၁၂၅၄၁၆]အား သွာနုတ္တသားအဖြစ်သတ်မှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၁၄)ရပ်ကွက်၊ ရာဇဓိရာဇ်(၁)လမ်း၊ အမှတ်-၁၂၄၂( ဘီ )ဟု ခေါ်တွင်သော နေအိမ်တွင် ကျွန်တော်၏ခွင့်ပြုချက်ဖြင့် နေထိုင်နေသူ မောင်မင်းမင်းစိုး(ဘ)ဦးသာချို[၇/ကဝန(နိုင်)၁၂၅၄၁၆] သည် ကျွန်တော် ဦးသာချို(ဘ)ဦးမောင်ခင်[၇/ကဝန (နိုင်) ၀၅၇၁၇၈]၏ သားတစ်ဦးဖြစ်သော်လည်း မိဘဖြစ်သူ ကျွန်တော်၏ဩဝါဒကို မနာခံ၊ မိဘဖြစ်သူ ကျွန်တော့်အား ရန်သူသဖွယ်ပြုကျင့်ကာ၊ သားသမီးတို့၏ ပြုဖွယ်ကျင့်ဝတ်များကို ပျက်ပြားခဲ့သဖြင့် ကျွန်တော်၏သားဖြစ်သူ မောင်မင်းမင်းစိုး( ဘ)ဦးသာချို[၇/ကဝန(နိုင်)၁၂၅၄၁၆]အား ယနေ့မှစ၍ သွာနုတ္တသားအဖြစ် သတ်မှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်(ဦးသာချို) [၇/ကဝန(နိုင်)၀၅၇၁၇၈]**
**ဖုန်း-၀၉-၄၂၆၅၈၂၁၉၆**

## အမည်နှစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ လမ်း(၃၀)၊ အမှတ်(၁၅၈)နေ အဖ ဦးစူလေမန် (ခ) ဦးစိုးလွင်၏သမီး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ပဘတ(နိုင်)၀၁၈၄၈၇] ကိုင်ဆောင်သူ၏အမည်မှာ "မဌေးဌေးလွင်(ခ)သန္တာစိုးလွင်" ဟူ၍ အမည်နှစ်မျိုးရှိသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ငြိမ်း (ဖောင်တော်သီ)**
**B.A(Law), LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၀၂)**
**အမှတ်-၁၆၂ (ပထပ်)၊ ၃၅-လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်(ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်း)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇၄)၊ မြေကွက်အမှတ်(၁၇၂၈)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးသက်လွင်(ခ)အန်ကူး[၁၂/ကတတ(နိုင်)၀၂၄၃၈] အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို Platinum December Estate Co.,Ltdမှ အပြီးအပိုင် ဝယ်ယူထားပြီး၎င်းတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် **ဦးကျော်ရဲသူ [၁၄/ပသန(နိုင်)၂၂၄၁၂၇]**နှင့် **ဒေါ်ဖွန့်ပွင့်ဖြူ [၁၄/ပသန(နိုင်) ၂၀၃၃၁၆]**တို့က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မင်းသူနိုဖြိုး** | **ဒေါ်စုစုမွန်** |
| **(စဉ်-၁၂၈၄၆)** | **(စဉ်-၁၃၄၉၆)** |
| **[တရားလွှတ်တော်ရှေ့နေ]** | **[တရားလွှတ်တော်ရှေ့နေ]** |
| **[LL.B,D.I.P.L,** | **[LL.B,D.B.L,D.I.L,D.I.P.L,** |
| **DL-101WIPO(Switzerland)]** | **DL-101WIPO(Switzerland)]** |

**ဖုန်း- ၀၉ ၇၉၉၆၆၄၅၅၇၊ ၀၉ ၇၈၁၅၃၅၈၂၄ ၊ ၀၉ ၅၀၄၉၁၇၄**
**အမှတ် - ၃၀၂(၁၂+၁)၊ Parami Condominium၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၆/ဝေဘာဂီ၊မြေကွက်အမှတ်-၂၇၊(၁၅၀၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်(၂၇)၊စိန်ပန်းလမ်း၊(၆/ဝေဘာဂီ)ရပ်ကွက်၊ဒေါ်ညို(၁၂/ဥကမ(နိုင်)၀၃၇၄၉၄)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်-ဒေါ်ညို(မိခင်)သည်(၃-၈-၂၀၁၂)ရက်နေ့တွင်လည်းကောင်း၊ဦးစန်းမြင့်(မိခင်)သည်(၇-၂-၂၀၀၀)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်ခဲ့သဖြင့်ဒေါ်နုနုရီ(၁၂/ဥကမ(နိုင်)၀၃၇၄၉၂)၊ဦးသန်းနိုင်(၁၂/ဥကမ(နိုင်)၀၃၇၅၀၉)၊ဦးဝင်းမြင့်နိုင်(၁၂/ဥကမ(နိုင်)၁၄၆၃၉၅)တို့မှတရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်သား/သမီး(၃)ဦးတော်စပ်ကြောင်း၊မိမိတို့မှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ကြောင်းကျမ်းကျိန်လွှာအမှတ်-၂၂၀၂/၂၀၂၄/၁၀-၉-၂၀၂၄၊ထောက်ခံကျမ်းကျိန်(၂)စောင်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်၊ဂရန်မူရင်းတို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- 1A မြစိမ်းရောင်၊ မြေကွက်အမှတ်- ၁၇၊ ဧရိယာ ၀.၄၇၇ဧက၊ မြေကွက်တည်နေရာအမှတ်- ၁၇၊ အတွင်းပဒံလမ်း၊ အတွင်းပဒံကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဦးခင်မောင်ကျော်(ခ)လင်မင်ရီ [၁၂/လမတ(နိုင်) ၀၁၃၅၀၀] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးခင်မောင်ကျော်(ခ)လင်မင်ရီ[၁၂/လမတ(နိုင်)၀၁၃၅၀၀]ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ချစ်စုဝင်း [၁၂/ကမရ(နိုင်) ၀၄၈၉၄၅]မှ အရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်၊ မြေပုံတို့တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- 1 B၊ မြစိမ်းရောင်၊ မြေကွက်အမှတ်-၁၆၅ ဧရိယာ ၀.၂၀၇ ဧက၊ မြေကွက်တည်နေရာအမှတ်- ၁၆၅၊ ပဒံရွာလမ်း၊ အတွင်းပဒံကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဦးရွှေကြိုင် [၁၂/ဒဂန(နိုင်)၀၂၆၇၆၀]အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးရွှေကြိုင် [၁၂/ဒဂန(နိုင်)၀၂၆၇၆၀]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးစိုးမင်းသန့် [၁၂/လမတ(နိုင်) ၀၀၂၂၇၀]မှ အရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်၊ မြေပုံတို့တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်(၂/ အောက်ကျင်း)၊ ဦးပိုင်အမှတ်(၂၃၇)၊ မြေချိန်ဧရိယာ(၀.၀၅၃)ဧက မြေကွက်နှင့်မြေကွက်ပေါ်ရှိ (၁)ထပ်နေအိမ်အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မြင့် [၁၂/ကမရ(နိုင်) ၀၃၀၉၇၁]နှင့် ဦးဖေအောင်မြင့် [၁၀/မလမ(နိုင်) ၀၃၄၄၄၂]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းမင်းထိုက် [၃/ဘအန(နိုင်) ၁၅၀၈၉၇]နှင့် ဒေါ်ဌေးမွန် [၃/ဘအန(နိုင်) ၂၅၀၆၂၅]တို့မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအိမ်နှင့်အိမ်ရာမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းမင်းထိုက်နှင့် ဒေါ်ဌေးမွန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်အောင်စိုး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၅၈၃/၉-၆-၂၀၁၆)**
**အမှတ်(၁၃၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာ၊ မော်လမြိုင်မြို့။ 09-968637368**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ ဟံသာဝတီလမ်း၊ မြေကွက်အမှတ်(၄၁၀)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်နန်းအေးလိတ် [၁၃/မဆတ(နိုင်)၀၄၃၀၉၇] အမည်ပေါက်နှစ်(၆၀) ဂရန်မြေမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်းပေ (၂၀ x ၆၀) မြေကွက်(ခြေရင်းမိတ္တူခြမ်း) နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ထွန်း [၁၂/မဘန(နိုင်)၀၀၀၁၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြိုးဖြိုးအေး [၁၂/သဃက(နိုင်)၁၅၄၅၂၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် (၃၀-၁၀-၂၀၂၄)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါလျှင် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လင်းပစိုး (LLB)DL101.WIPO(Switzeriand)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၈၆၂)**
**အမှတ်(၆၃)၊ (၆)လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၀၆၇၇၂၈၂**

## ပတ်စ်ပို့ပျောက်

ဦးကြည်သိန်း၏ (သား) ဦးရဲမင်းသိန်း [၉/ခအဇ(နိုင်) ၀၅၅၂၃၀]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၂၈၀၄၄၇၉၆**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ်- ၁၂၊ (ပန်းလှိုင် ဂေါက်ကွင်းအိမ်ရာ)၊ မြေကွက် အမှတ် (၁၀၆/A)၊ ဧရိယာ (၀.၁၇၆) ဧက၊ နှစ်(၆၀) မြေငှားစာချုပ် အမည်ပေါက်မှာ ဦးဆန်းထွန်း ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား မြေကွက်နှင့်အိမ် အရောင်းအဝယ် အပြီးအပိုင်စာချုပ်အမှတ် (၇၄၂/၂၀၂၄) နေ့စွဲ (၅-၂-၂၀၂၄) တင်ပြ၍ ဒေါ်ရွယ်ကျီး [၁ / မညန (နိုင်) ၀၇၃၂၂၅]၊ ဦးတင်မင်းနိုင် [၉/ခအဇ (နိုင်) ၀၂၀၉၅၀]၊ ဦးထွန်းစိန် [၉/ခအဇ (နိုင်)၀၃၉၇၃၇] အမည်များသို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်**
**မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ဥက္ကံ)၊ ဦးပိုင်အမှတ်(၂ᵉ)၊ ဦးအဘွလ်ဟူစိန် အမည်ပေါက် ဘိုးဘပိုင်မြေကွက်၊ မြေဧရိယာ(၀.၁၉၂)ကေအနက်မှ ဧရိယာ(၀.၀၈၂)ကေအား ဦးကျော်ခိုင်(ဘီလစ်)[၉/ပမန(နိုင်)၀၄၁၉၉၃]မှ ပျဉ်းမနားမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၂၇/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးရဲထွန်းကျော်[၉/ပမန(ဧည့်)၀၀၀၁၆၇]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်၊

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းအောင် (ဘ) ဦးတင်ဆောင် [၉/ပဘန(နိုင်) ၁၁၆၆၄၁]နှင့် ဒေါ်နန်းကေခိုင် (ဘ) ဦးဘုန်းမြင့် [၁၂/ရပသ(နိုင်) ၀၂၅၃၈၄] ကိုင်ဆောင်သူတို့သည် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ဖြင့် (၃၀-၁၀-၂၀၂၄)ရက်နေ့တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ပြီးဖြစ် ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းအောင်နှင့် ဒေါ်နန်းကေခိုင်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူခိုင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၂၆/၂၄-၁၀-၂၀၁၇)**
**အောင်မင်္ဂလာရပ်ကွက်၊ ငြိမ်းချမ်းဖြိုးလမ်း၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၄၈၂၄၆၀၊ ၀၉-၄၂၀၂၉၈၆၁၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
## ပါရဂူဘွဲ့ (Plan A) သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန လက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ(၂၁) ရက်နေ့မှစတင်၍ အောက်ဖော်ပြပါ အင်ဂျင်နီယာပါရဂူဘွဲ့နှင့် ဗိသုကာပါရဂူဘွဲ့သင်တန်း၊ ဇီဝနည်းပညာပါရဂူဘွဲ့သင်တန်း (Plan A)များကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

| | |
|---|---|
| (က) မြို့ပြအင်ဂျင်နီယာ(အဆောက်အအုံ/ရေအရင်းအမြစ်) | (စ) မက္ကာထရောနစ်အင်ဂျင်နီယာ |
| (ခ) စက်မှုအင်ဂျင်နီယာ | (ဆ) ဓာတုအင်ဂျင်နီယာ |
| (ဂ) အီလက်ထရောနစ်အင်ဂျင်နီယာ | (ဇ) နျူကလီးယားအင်ဂျင်နီယာ |
| (ဃ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ | (ဈ) ဗိသုကာ |
| (င) ကွန်ပျူတာအင်ဂျင်နီယာနှင့်သတင်းအချက်အလက်နည်းပညာ | (ည) ဇီဝနည်းပညာ |

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့အကြို သင်တန်း(၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၂)နှစ် စုစုပေါင်း(၃)နှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်း (Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်း ပြည့်မီသူများကိုသာ ပါရဂူဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) မဟာအင်ဂျင်နီယာဘွဲ့(M.E)၊ မဟာဗိသုကာဘွဲ့ (M.Arch)၊ မဟာသိပ္ပံဘွဲ့ (ဇီဝနည်းပညာ) (M.S.Bio-T) (သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခုရရှိ ထားသူဖြစ်ရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။ လျှောက်ထားသူသည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၄)ရက်နေ့တွင် အသက်(၄၀)နှစ်နှင့်အောက်ရှိသူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများသည် တစ်ဆက်တည်း လုပ်သက်(၂)နှစ်ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့်လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏နေရာအတွက် လုပ်ငန်းတာဝန် ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးတို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် မဟာအင်ဂျင်နီယာ၊ မဟာဗိသုကာ၊ မဟာသိပ္ပံ (ဇီဝနည်းပညာ) ဘွဲ့လက်မှတ် (မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့် လျှောက်လွှာပုံစံများကို မန္တလေးနည်းပညာတက္ကသိုလ်တွင် (၄-၁၁-၂၀၂၄)ရက်(တနင်္လာနေ့)မှ စတင်ထုတ်ပေးမည်ဖြစ်ပြီး (၁၂-၁၁-၂၀၂၄)ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ မန္တလေးနည်းပညာတက္ကသိုလ်သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို (၁၃-၁၁-၂၀၂၄) ရက်(ဗုဒ္ဓဟူးနေ့)တွင် စတင်ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုမည့်ဘာသာရပ် | ဖြေဆိုမည့်အချိန် |
|---|---|---|
| ၁၈-၁၁-၂၀၂၄ (တနင်္လာနေ့) | အင်္ဂလိပ်စာ | နံနက်(၉)နာရီမှ (၁၂)နာရီထိ |
| ၁၉-၁၁-၂၀၂၄ (အင်္ဂါနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉)နာရီမှ (၁၂)နာရီထိ |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို (၂၀-၁၁-၂၀၂၄)ရက်(ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၂၀-၁၁-၂၀၂၄)ရက်(ဗုဒ္ဓဟူးနေ့)မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်၌ ပြုလုပ်မည်ဖြစ်သည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို (၂၁-၁၁-၂၀၂၄)ရက် (ကြာသပတေးနေ့) တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်သည်။

**သင်တန်းရေးရာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
## မဟာအင်ဂျင်နီယာဘွဲ့၊ မဟာဗိသုကာဘွဲ့၊ မဟာသိပ္ပံဇီဝနည်းပညာဘွဲ့ သင်တန်းများအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန လက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက်နေ့မှ စတင်၍ အောက်ဖော်ပြပါ မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

| | |
|---|---|
| (က) မြို့ပြအင်ဂျင်နီယာ(အဆောက်အအုံ/ရေအရင်းအမြစ်) | (စ) မက္ကာထရောနစ်အင်ဂျင်နီယာ |
| (ခ) စက်မှုအင်ဂျင်နီယာ | (ဆ) ဓာတုအင်ဂျင်နီယာ |
| (ဂ) အီလက်ထရောနစ်အင်ဂျင်နီယာ | (ဇ) နျူကလီးယားအင်ဂျင်နီယာ |
| (ဃ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ | (ဈ) ဗိသုကာ |
| (င) ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ | (ည) ဇီဝနည်းပညာ |

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြို သင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၁)နှစ် စုစုပေါင်း(၂)နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း (Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဝင်ရောက် ဖြေဆိုခွင့်ပြုမည်ဖြစ်သည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့နှင့်ဗိသုကာဘွဲ့၊ သိပ္ပံဘွဲ့(ဇီဝနည်းပညာ)ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့နှင့် မဟာဗိသုကာဘွဲ့၊ မဟာသိပ္ပံဇီဝ နည်းပညာသင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများသည် တစ်ဆက်တည်း လုပ်သက်(၂)နှစ်ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့်လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏နေရာအတွက် လုပ်ငန်းတာဝန် ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးတို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် မဟာအင်ဂျင်နီယာ၊ မဟာဗိသုကာနှင့် မဟာသိပ္ပံ(ဇီဝနည်းပညာ)ဘွဲ့ သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက် (မူရင်းနှင့်မိတ္တူ) တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာပုံစံများကို မန္တလေးနည်းပညာတက္ကသိုလ်တွင် (၄-၁၁-၂၀၂၄)ရက်(တနင်္လာနေ့)မှ စတင်ထုတ်ပေးမည်ဖြစ်ပြီး (၁၂-၁၁-၂၀၂၄)ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ မန္တလေးနည်းပညာတက္ကသိုလ်သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို (၁၃-၁၁-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့)တွင် စတင်ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုမည့်ဘာသာရပ် | ဖြေဆိုမည့်အချိန် |
|---|---|---|
| ၁၈-၁၁-၂၀၂၄ (တနင်္လာနေ့) | အင်္ဂလိပ်စာ | နံနက်(၉)နာရီမှ (၁၂)နာရီထိ |
| ၁၉-၁၁-၂၀၂၄ (အင်္ဂါနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉)နာရီမှ (၁၂)နာရီထိ |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို (၂၀-၁၁-၂၀၂၄)ရက်(ဗုဒ္ဓဟူးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၂၀-၁၁-၂၀၂၄)ရက်(ဗုဒ္ဓဟူးနေ့)မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်၌ ပြုလုပ်မည်ဖြစ်သည်။ မဟာဘွဲ့သင်တန်း တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို (၂၁-၁၁-၂၀၂၄)ရက် (ကြာသပတေးနေ့) တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်သည်။

**သင်တန်းရေးရာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့၊ အမှတ်(၁) ရပ်ကွက်နေ ဦးမောင်သာကျော်၊ နိုင်ငံသားမှတ်ပုံတင်အမှတ် [၁၁/ကတန(နိုင်)၀၀၀၇၂၄]၏ အမည်မှန်မှာ ဦးသာကျော်ဖြစ်ပါကြောင်း။

**ဦးသာကျော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-1A မြစိမ်းရောင်၊ မြေကွက်အမှတ်(၁၀၉)၊ ဧရိယာ(၀.၁၅၆)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၀၉)၊ အတွင်းပဒံလမ်း၊ အတွင်းပဒံကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဦးဝင်းနိုင်သန့် [၁၂/ပဘတ(နိုင်)၀၃၀၃၈၀]အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဝင်းနိုင်သန့် [၁၂/ပဘတ(နိုင်)၀၃၀၃၈၀] ထံမှ အရပ်ကတိ အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးစိုးလွင်(ခ)တန်ကင်ချန် [၁၂/လမတ(နိုင်)၀၂၇၁၁၈]မှ အရောင်းအဝယ် စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်၊ မြေပုံတို့တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများ စာရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် ဂရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဌ၊ မြေကွက်အမှတ်-၃၀၉/ခ၊ ၁၂၀၀ စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ် -၃၀၉/ခ၊ ဝေဘာဂီလမ်း၊ (ဌ) ရပ်ကွက်၊ ဦးမြစိန် [၁၂/ဥကမ(နိုင်)၀၉၀၄၁၄]၊ အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား မြေအမည်ပေါက်ဦးမြစိန် (ဖခင်) သည် (၁၂-၁-၁၉၉၄)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ခင်သိန်း(မိခင်)သည် (၂၇-၁၀-၂၀၁၉)ရက်နေ့တွင် လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ကြသဖြင့် ဒေါ်ခင်ခင်ဦး[၁၂/ဥကမ(နိုင်)၀၅၅၇၉၄]၊ ဦးခင်လတ် (N/OKA-၀၄၉၇၁၈)၊ [၁၂/ဥကမ (နိုင်)၀၉၁၄၉၀]၊ ဒေါ်ခင်ခင်ချို [၁၂/ဥကမ(နိုင်)၀၉၁၄၈၄]တို့မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သည့် သား/သမီး(၃)ဦးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ အမှတ်-၅၀၆/၁၁-၃-၂၀၂၄၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့ တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ သွတ်ဝိုင်းကြီးရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၁၁၀/က)၊ (၁)ခန်းတွဲ (၃½)ထပ်တိုက်၏ (မြေညီ)လွှာ၊ အလျား(၁၈)ပေ×အနံ(၅၀)ပေရှိ တိုက်ခန်းနှင့်တိုက်ခန်းတွင် စွဲမြဲတပ်ဆင်ထားသောပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်ဝင်းဖြူဖြူသွယ်(၉/မခန(နိုင်)၀၀၀၅၇၂)မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်နှင်းလတ်(၇/ပမန(နိုင်)၀၀၃၈၄၇) မှ စရံငွေပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှိုင်ယဉ်မွန်(LL.B)**
အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)
အမှတ်-(၄၃၀)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၆၀၅၅၀၂၇၀

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ဘယသုဒ္ဓိလမ်း၊ မြေကွက်အမှတ်(၂၇၀)၊ မြေအကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် **ဒေါ်စိန်မေ(EB-၀၀၄၅၈၈)**အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်စမ်းမြင့်(ခ)ဒေါ်စမ်းစမ်းမြတ်[၁၂/ရကန(နိုင်)၀၃၇၇၃၉]**သည် **"နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ် ကတိစာချုပ်များ"** ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍အပြီး အပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်ချန်ပေါင်လူး(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** | **(စဉ်-၅၆၄၉၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** | |
| | **(စဉ်-၅၆၆၆၂)** | |

**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ မြေကွက်အမှတ်-၄၈၃၊ ပန်းခြံလမ်း၊ (၄၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိ ဦးမျိုးသန့် (စီဒီ-၀၁၈၄၆၁) အမည်ပေါက် မြေချပါမစ်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသူ **ဒေါ်သန်းသန်းဌေး [၁၂/ဗဟန(နိုင်)၀၄၃၃၇၀]** ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း) များဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကေရီကျော် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၁၁)**
**အမှတ်-၅၆၅၊ အခန်း-၁၀၃၊ ပထမထပ်၊ MAC Tower ၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၄၇၃၂၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၉/ပုဗ္ဗသီရိအနောက်ရပ်ရှိ မြေကွက်အမှတ်(ပ-၃၁၆၃၂)ကို အမည်ပေါက် ဦးကျော်ဝင်းနိုင်(ဘ)ဦးထွန်းလှ၊ နိုင်ငံသားစိစစ်ရေးအမှတ် [၈/ခမန(နိုင်)၀၇၇၃၅၈]မှ မြေပေးစလစ်(မိတ္တူမှန်)ထုတ်ပေးပါရန် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်း၊ မြေပေးစလစ် ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ မြေကွက်ဖိုးသွင်းချလန်၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ရက်ပေါင်း(၃၀)အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ **မြေပေးစလစ် (မိတ္တူမှန်)** လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-1B မြစိမ်းရောင်၊ မြေကွက်အမှတ်(၁၆၈)၊ ဧရိယာ(၀.၂၀၇)ဧက၊ မြေကွက်တည်နေရာ အမှတ်(၁၆၈)၊ ပဒံရွာလမ်း၊ အတွင်းပဒံကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဦးရွှေကြိုင်[၁၂/ဒဂန(နိုင်)၀၂၆၇၆၀]အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးရွှေကြိုင်[၁၂/ဒဂန(နိုင်)၀၂၆၇၆၀]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးစိုးမင်းသန့်[၁၂/လမတ(နိုင်)၀၀၂၂၇၀]မှ အရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်၊ မြေပုံတို့တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘားအံမြို့နယ်အသင်း(ရန်ကုန်)၏ဖိတ်ကြားလွှာ

ဘားအံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်၊ တနင်္ဂနွေနေ့ နံနက် (၈:၃၀)နာရီတွင် အသင်းတည်ရာ မြရတနာကျောင်းတိုက်၊ ရွှေကြက်ယက်ကျောင်းဝင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များနှင့် ဘားအံသူ/သားများ မပျက်မကွက် တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။ ပညာရည်ချွန်ဆုအတွက် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများ စာရင်းနှင့် သက်ကြီးပူဇော်ပွဲအတွက် စာရင်းကို (၁၀-၁၁-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ နီးစပ်ရာအမှုဆောင်များထံသို့ လည်းကောင်း၊ ဦးသန်းရွှေ ၀၉ ၅၄၀၆၆၀၇၊ ဦးစန်းမြင့် ၀၉ ၇၉၅၅၉၅၀၄၅၊ ဦးဉာဏ်ဝင်း ၀၉ ၅၀၃၁၁၃၀ တို့ထံသို့လည်းကောင်း အမြန်ဆုံးပေးပို့ကြပါရန်လည်း ထပ်လောင်းနှိုးဆော်အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ် (၆/ခ၊ ၁၄/ခ)၊ အမှတ်(၁၅/၁၇)၊ (၇)ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊ အကျယ်အဝန်း ဧရိယာ(၁.၉၄)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အမှတ်(A-9)ဟုခေါ်တွင်မည့် အကျယ်အဝန်း(၂၀'x၆၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **(၁) မိခင် ဒေါ်ခင်ခင်အုံး**[၁၂/လသန(နိုင်) ၀၀၂၈၄၅]နှင့် **(၂) အဒေါ် ဒေါ်ညို** [၁၂/လသန (နိုင်) ၀၀၂၈၄၄]တို့ (၂)ဦးအမည်ပေါက်တည်ရှိပြီး ၎င်းတို့ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၄၄၅/၂၀၁၅)ရရှိထားသူ **ဦးကျော်လွင်**[၁၂/လသန (နိုင်) ၀၀၀၉၅၃]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါက်တာဇေမင်းထက်** [၁၃/ကလန(နိုင်)၀၉၆၆၇၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါက်တာဇေမင်းထက်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို (LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀-၆၈၅-၇၁၇၊ ၀၉-၇၉၇-၆၄၀-၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ယုဇနလမ်း၊ တိုက်(B)၊ အခန်းအမှတ် (၀၀၁/A)၊ မြေညီထပ်၊ အခန်းအကျယ်အဝန်း (၂၀ပေ x ၄၀ပေ)ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဒေါ်ခင်မြတ်နွယ် [၉/မရန(နိုင်) ၀၂၆၃၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့် ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ဖြူဖြူဇော် B.A (LAW) LL.B (Advocate), D.B.L.**
**(တရားလွှတ်တော်ရှေ့နေ)(စဉ် -၁၈၈၀၈)**
**အမှတ် (၇/E) ပိုက်လုံးလမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၂၉

ဒေါ်မာလာ — နှင့် — ဦးသန်းမြင့်
**(တရားလို)** — **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်- ၁၃၈ နေ တရားပြိုင် ဦးသန်းမြင့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌တရားလိုက **"ပဋိညာဉ်အတိုင်း အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စွမ်းထက်နိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေ ၁၄၇(က)(၂)အရ CPN LOGISTICS LIMITED ကို အစုရှယ်ယာရှင်၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၁။ CPN Logistics Limited ကို အစုရှယ်ယာရှင်၏ ဆန္ဒအရ **၂၀၂၄ ခုနှစ် အောက်တိုဘာလ (၃၁)ရက်နေ့**တွင် စာရင်းရှင်းလင်းဖျက်သိမ်းရန် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက် ရက်နေ့ကကျင်းပသော အထူးအစည်းအဝေးတွင် အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ အဆိုပါ အထူးအစည်းအဝေး၏ဆုံးဖြတ်ချက်အရ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်နိုင်ရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း၏ အသင်းဝင်ဖြစ်သော ဦးနွယ်ဦး (တရားလွှတ်တော်ရှေ့နေ)အား ခန့်အပ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ (၂၉)ရက်နေ့ နောက်ဆုံးထား၍ ဦးနွယ်ဦးထံသို့ အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနွယ်ဦး**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ရုံးဖုန်းနံပါတ်- ၀၉၇၇၂၄၄၀၀၀၁**
**လက်ကိုင်ဖုန်းနံပါတ်- ၀၉၂၅၄၇၂၈၂၂၇**
**Tilleke & Gibbins Myanmar Limited**
**Room – 1608, 16th Floor, Sakura Tower,**
**No. 339, Bogyoke Aung San Road,**
**Kyauktada Township, Yangon**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပန်းဘဲတန်းမြို့နယ်၊ သိမ်ကြီးဈေး(က+ခ)ရုံ၊ ရုံအမှတ်(ခ)၊ ဆိုင်အမှတ်(ခ/ပြင်-၃၇၀) ဒေါ်စန်းစန်းရီ[၁၂/ပဇတ(နိုင်)၀၀၃၈၀၃] အမည်မှ ဒေါ်ဂျာဖောဒါဘာနူး(ခ)စန္ဒာထွန်း [၁၂/ဗတထ(ဧည့်)၀၀၀၁၇၆]သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဈေးတာဝန်ခံဖုန်းနံပါတ်-၀၉-၄၄၈၀၄၆၃၇၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ အောင်ချမ်းသာတောရကျောင်းလမ်း၊ အမှတ်(၇၈၉)နေ ဦးမျိုးကြည် [၅/ခတန(နိုင်)၀၁၀၀၇၅၁]နှင့် ဒေါ်မခ္ချူ [၁၂/ဥကတ(နိုင်) ၀၅၉၆၅၄] ကိုင်ဆောင်သူတို့၏ ကိုယ်စား အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ ကျွန်ုပ်မိတ်ဆွေတို့၏သားဖြစ်သူ မောင်ဇေယျာမျိုးထက် [၁၂/ဗတထ(နိုင်) ၀၃၈၉၃၇] ကိုင်ဆောင်သူသည် မိဘများမှ ကောင်းစေလိုသည့် စိတ်စေတနာဖြင့် ဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ ၎င်း၏ဆန္ဒအလျောက်သာ ပြုလုပ်ဆောင်ရွက်ခဲ့ပြီး မိဘများခွင့်မလွှတ်နိုင်သော အပြုအမူများကို အကြိမ်ကြိမ်ပြုမူခဲ့သည့်အပြင် မိဘများအား ကိုယ်၊ စိတ်ဆင်းရဲအောင်၊ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ဤကြေညာသည့်နေ့မှစ၍ မိဘတို့မှ မောင်ဇေယျာမျိုးထက်အား အမွေခံသားအဖြစ်မှ အပြီးတိုင် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်းများ၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စကိုမှ မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်ဇေယျာမျိုးထက်နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုဇနအောင်(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၅၅၀)**
**အမှတ်(၁၈၁)၊ ပိတောက်မြိုင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၇၃၆၂၁၆၉၊ ၀၉-၉၄၅၅၄၅၅၅၃**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်ဦးလမ်း၊ အမှတ်(၃၈၇)၊ A-4(၄လွှာ)၊ အကျယ်အဝန်း (အလျား ၁၂½ပေx အနံ ၅၅ပေ)ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းကိုယ်တိုင် အရပ်ကတိအရောင်းဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာပြီး တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သဲမမကို [၁၂/ဒဂမ(နိုင်) ၀၁၁၇၁၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးရဲမင်းထူး [၁၂/ရကန(နိုင်) ၀၆၉၄၅၀]သည် တိုက်ခန်းဝယ်ယူရန် သဘောတူညီခဲ့သည့်အလျောက် (၃၀-၁၀-၂၀၂၄)ရက်နေ့တွင် "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးစာချုပ်"ပြုလုပ်ချုပ်ဆိုပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်ခင်သန်းမြင့် B.A(Law), LL.B** — **ဒေါ်မေစပယ်ဝင်း (LL.B)**
**(စဉ်-၁၅၄၉)** — **(စဉ်-၁၄၅၉၇)**
**၀၉-၅၁၂၄၈၆၈** — **၀၉-၉၅၀၄၄၈၇၃၇**
**တရားလွှတ်တော်ရှေ့နေများ**
**ခြံအမှတ်(၁၈)၊ ရောဝတီလမ်းသွယ်(၃)၊ Tosta "B" Avenue**
**၆၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**

## ဝတ်ရည်ဦး

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
**09-43088052**
**09-260660405**
**09-421067330**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- 1B မြစ်မိးရောင်၊ မြေကွက်အမှတ် (၁၃၆)၊ ဧရိယာ (၀.၁၅၄)ဧက၊ မြေကွက်တည်နေရာ အမှတ်(၁၃၆)၊ အတွင်းပဒံလမ်း၊ အတွင်းပဒံကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဦးပြည့်ဖြိုးဝင်း [၈/ပခက (နိုင်) ၂၁၇၃၁၁] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးပြည့်ဖြိုးဝင်း [၈/ပခက(နိုင်)၂၁၇၃၁၁]ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်တင်အေး [၁၂/လမတ(နိုင်)၀၀၄၂၅၉]မှ အရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်၊ မြေပုံတို့တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ မြေကွက်အမှတ်(၆၈)၊ မြေကွက်တည်နေရာအမှတ် (၆၈)၊ မဟာဆွေ (၁) လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက် ဒေါ်ညွှန့်ညွှန့်ဝေ CG- ၀၄၀၁၁၀ အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဒေါ်ညွှန့်ညွှန့်ဝေအား တရားပြိုင်ထားကာ ဒေါ်ကြူကြူထွေး(ခ) လီကျူမေးမှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် တရားမရုံး၌ တရားမကြီးမှုအမှတ်- ၄၈/၂၀၂၄ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် ၂၅၊၂၀၂၄ ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ်- ၃၈/၂၀၂၄ တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်လွဲ့လွဲ့ခိုင် [၁၃/တကန(နိုင်) ၀၀၃၄၁၉]မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**ဥတုရာသီ**
**တောကို မှီ၏**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဝါးခယ်မမြို့၊ စာရေးကုန်းရပ်ကွက်ရှိ မြေစာရင်းအကွက်အမှတ်(၁၃-က) ညောင်ချောင်း၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀.၂၂၉)ဧကရှိ မြေအား ဆရာတော်ဘဒ္ဒန္တဇဝနမှ ဝါးခယ်မမြို့နယ်သံဃာ့နာယကရုံးအမည်ဖြင့် လိုအပ်သော မြေပေးမိန့်တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝါးခယ်မမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဝါးခယ်မမြို့၊ မြသိန်းတန်ရပ်ကွက်ရှိ မြေစာရင်းအကွက်အမှတ်(၉၄၁-က) မြသိန်းတန်၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ (၀.၂၃၆)ဧကရှိ မြေအား ဦးအောင်နိုင်မှ လူနေထိုင်ရန် အမည်ဖြင့် လိုအပ်သော မြေပေးမိန့်တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝါးခယ်မမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဝါးခယ်မမြို့၊ စာရေးကုန်းရပ်ကွက်ရှိ မြေစာရင်းအကွက်အမှတ်(၁၃-က) ညောင်ချောင်း၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀.၂၂၉)ဧကရှိမြေအား ဦးပြည့်စုံမှူး (ဦးစီးမှူး၊ သာသနာရေးဦးစီးဌာန)မှ ဝါးခယ်မမြို့နယ်သာသနာရေးဦးစီးဌာနရုံး အမည်ဖြင့် လိုအပ်သော မြေပေးမိန့်တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝါးခယ်မမြို့**

## အများသိစေရန် ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၊ လူနေရပ်ကွက်အမှတ်- ၄၊ မြေကွက်အမှတ် (၇၅၁-က)၊ နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဦးသန်းစိန်၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ) မြေကွက်နှင့် ကပ်လျက်ရှိသော မြေကွက်အမှတ်- ၇၅၁-ခ၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ) မြေကွက် (နှစ်)ကွက်ပေါင်း အကျယ်အဝန်း (၄၀ပေx ၆၀ပေ) မြေကွက်ပေါ်တွင် (နှစ်)ခန်းတွဲ၊ (ခြောက်)ထပ် RC အဆောက်အဦဆောက်လုပ်ပြီး ပေါ်ပေါက်လာသော သာကေတမြို့နယ်၊ ၄ တောင်ရပ်ကွက်၊ အောင်မေတ္တာလမ်းအရှေ့၊ တိုက်အမှတ် (၇၅၁/က+ခ) (နှစ်)ခန်းတွဲ၊ (ခြောက်)ထပ်အဆောက်အဦမှ ဒုတိယထပ် (သုံး)လွှာ (ယာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၉ပေx ၅၅ပေ)တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသန်းစိန်(ကွယ်လွန်)နှင့် ဇနီး ဒေါ်မြရှိန် (ကွယ်လွန်)တို့၏ သားသမီးအရင်းအခြာ (လေး)ဦးတို့မှာ (၁) ဦးလှမြင့် [၁၂/သကတ(နိုင်) ၀၇၈၉၉၈]၊ (၂) ဦးသန်းမြင့်[၁၂/သကတ(နိုင်) ၀၇၅၅၆၀]၊ (၃) ဒေါ်တင်တင်ငြိမ်း [၁၂/သကတ (နိုင်) ၀၇၅၃၂၇]၊ (၄) ဒေါ်ယဉ်မင်းသူ [၁၂/သကတ(နိုင်) ၀၂၅၉၅၉]ကိုင်ဆောင်သူတို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ကျွန်ုပ်၏အမှုသည်ထံမှ တိုက်ခန်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသ လက်ခံရယူခဲ့ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ပြောဆိုသူများသည် ဤကြေညာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများယူဆောင်ပြီး ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ယင်းသတ်မှတ်ကာလကျော်လွန်ပါက တရားဝင်ဥပဒေနှင့်အညီ ဆက်လက်၍ အပြီးအပိုင်အရောင်း အဝယ်ဆက်လက်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ**

**ဦးချစ်ကိုကို (ရွှေစာရေး) LL.B WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၄) (၃-၉-၂၀၁၉)**
**အမှတ် (၂၉၇)၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၁၀၂၁၆၃၇၊ ၀၉-၄၅၀၁၇၀၀၀၁**

## သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၂၇)နေ ဦးမျိုးဝင်း [၁၂/စခန(နိုင်) ၀၅၈၇၉၈]နှင့် ဒေါ်ခင်လဲ့ယဉ်ဝင်း [၁၂/မဂဒ(နိုင်) ၀၉၆၂၂၇]တို့၏ သားဖြစ်သူ ကိုစည်သူခန့် [၁၂/မဂဒ(နိုင်) ၁၈၃၆၈၉]သည် မိဘနှစ်ပါးတို့မှ အကြိမ်ကြိမ် ဆိုဆုံးမသည်ကို နာခံခြင်းမရှိပါသဖြင့် ဖခင်နှင့်မိခင်တို့မှာ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲတို့ကို ကြီးစွာခံစားနေရပါသည်။ သို့ဖြစ်ပါ၍ သားဖြစ်သူ ကိုစည်သူခန့်အား အပြီးတိုင်စွန့်လွှတ်ပါကြောင်းနှင့် သားဖြစ်သူနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝတို့ကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း နောက်နောင် မည်သို့မျှ သက်ဆိုင်ခြင်း (လုံးဝ)မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူများ-** — **ညွှန်ကြားချက်အရ-**
**ဦးမျိုးဝင်း+** — **ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး (H.G.P,LL.B)**
**ဒေါ်ခင်လဲ့ယဉ်ဝင်း** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး (ဃ/၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂ (Bamboo Grove Villas)၊ မြေကွက်အမှတ် (၁၁၃/A)၊ ဧရိယာ ( ၀.၁၈၁ )ဧက၊ နှစ်(၆၀) မြေငှားစာချုပ် အမည်ပေါက်မှာ ဦးမောင်မောင်(ခ)သိန်းဝင်း၊ ဒေါ်ကျင်ကျင်(ခ) ဒေါ်ယဉ်ယဉ်ဝင်းဖြစ်ပါသည်။ အဆိုပါမြေကွက်အား မြေနှင့်အိမ် အရောင်းအဝယ်အပြီး အပိုင်စာချုပ်(၄၆/၂၀၂၂) နေ့စွဲ (၇-၁-၂၀၂၂)တင်ပြ၍ ဒေါ်ဝင်းလှိုင်လှိုင်ထွန်း [၁၃/လရန(နိုင်)၁၈၉၈၁၃]အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ ကံ့ကော်(၁)လမ်း၊ အမှတ်(၂၈၉/က) ဟုခေါ်တွင်သော (၆)ထပ်တိုက်၏ စတုတ္ထထပ် (၅လွှာ)နှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်သော ဒေါ်အေးအေးသန်း [၁၂/အစန(နိုင်) ၀၃၂၃၁၃]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးထွန်းထွန်းကျော်[၁၂/အစန(နိုင်) ၁၉၀၀၇၁]မှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမြတ်မိုး(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၅၇၃)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း- ၀၉-၇၃၁၀၉၉၈၁၊ ၀၉-၉၈၄၇၃၁၅၃၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၉) ရပ်ကွက်၊ ဂါမဏိလမ်း၊ အမှတ်(၁၇၀၅)ဟုခေါ်တွင်သည့် အကျယ်အဝန်း (အလျား ၁၀ပေ xအနံ၆၀)ပေရှိ မြေနှင့်အိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ် အားလုံးသည် ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော ဒေါ်အေးစုမွန် [၁၂/ဒဂမ(နိုင်)၀၁၇၁၁၂]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နိုင်ဝင်းကြည် [၁၂/ဒဂရ(နိုင်)၀၀၉၀၇၁]မှ (၂၄-၈-၂၀၂၄)ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်ခြံမြေ အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်" ဖြင့် အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေ ဒေါ်နိုင်ဝင်းကြည်မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရယူ ပိုင်ဆိုင်ထားပြီး ဖြစ်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းသာ ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နိုင်ဝင်းကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မွန်နိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၀၃)**
**အမှတ်(၁၁၉/က)၊ ပြည်လမ်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉-၄၃၁၇၀၉၀၅**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ ရွှေပိတောက်လမ်း၊ မြေကွက်အမှတ်(၄၈၈)ဟုခေါ်တွင်သော ဦးလှဝင်း အမည်ပေါက်သည့်ပါမစ်မြေ အမျိုးအစား၊ မြေအကျယ် ပေ(၄၀ x ၆၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအကျယ်ပေ (၂၀x၆၀)ရှိ (မြေကွက်ကိုမျက်နှာမူလျှင်-ဘယ်ဘက်ခြမ်း)၊ ပါမစ်(မိတ္တူ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ(၂)ထပ် တိုက်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးအေးမြင့် [၁၂/သကတ(နိုင်)၀၇၉၅၄၂]မှ အဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းမြမြကျင်[၁၃/တကန(နိုင်)၃၀၇၇၀၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသတို့ကိုပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ** **ညွှန်ကြားချက်အရ -**
**ဒေါ်နန်းမြမြကျင်** **ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉ ၂၅၆၃၂၂၀၉၁**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေ ဦးနိုင်ဇော်လင်း[၁၂/ဒဂတ(နိုင်)၀၃၄၀၁၄]နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဒေါ်ရတနာမြမိုး[၉/ပကခ(နိုင်)၀၁၃၅၂၂] တို့သည် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲခြင်းကို ၂၇-၁၀-၂၀၂၄ရက်နေ့တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဂုဏ်သရေရှိ လူကြီးနှင့် အသိသက်သေတို့၏ ရှေ့မှောက်၌ ဆောင်ရွက်ပြီးဖြစ်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး ငွေကြေး၊ ပစ္စည်း၊ စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝတို့တွင် မည်သို့မျှပတ်သက်ဆက်နွှယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်ဇော်လင်းနှင့် ဒေါ်ရတနာမြမိုးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲပွင့်ဖြူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၅၈၆)**
**ဖုန်း-09-400874300**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးကျော်ဇေယျာလင်း[၁၂/လမတ(နိုင်)၀၃၃၃၁၇]နှင့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ ဒေါ်ယဉ်မွန်ဖြိုး[၁၂/တမန(နိုင်)၁၁၀၃၀၃]တို့သည် ၁၈-၁၀-၂၀၂၄ရက်နေ့တွင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်းကို ဆောင်ရွက်ပြီးဖြစ်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေးကိစ္စအဝဝနှင့် ငွေကြေး၊ ပစ္စည်း ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး (လုံးဝ) သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇေယျာလင်းနှင့် ဒေါ်ယဉ်မွန်ဖြိုးတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲပွင့်ဖြူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၅၈၆)**
**ဖုန်း-09-400874300**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၅၈) ရပ်ကွက်၊ အောင်မင်္ဂလာ ကျောကပ်လမ်းဟု ခေါ်တွင်သော ဒေါ်နန်ဂျာ အမည်ပေါက် (တရားဝင် မခွဲစိတ်ရသေးသော မြေကွက်ကြီး အတွင်းမှ) ပေ ၄၀ x ၇၀ ပေပေါ်ရှိ မြေကွက်အား ပိုင်ဆိုင်မှုစာချုပ်စာတမ်း အဆက်ဆက်ဖြင့် အရှုပ်အရှင်းမရှိ လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ ဦးရန်နိုင်ထွန်း [၁၂/ဥကတ(နိုင်) ၁၈၄၀၆၈]သည် အရောင်းအဝယ် အရပ်ကတိဆက်စပ်စာချုပ်ဖြင့် မိမိတစ်ဦးတည်းသာလျှင် အရှုပ်အရှင်းမရှိ လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိမ့်စိမ့်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယမင်းမောင် (LL.B)**
**(အထက်တန်းရှေ့နေ) (စဉ်-၅၁၂၇၆)**
**တိုက်-၁၀/၁၂၊ အခန်း (၁၀၄-I) ပထမထပ်၊ ၃၅ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၇၃၆၅၃၀၃၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်

**၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁)ရက်**
**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်**

